# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဍာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဍာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၆၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင် က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီအတွင်းရေးမှူးက လက်ရောက်အပ်နှင်း

## နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံအပ်နှင်းပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍတိုးမြှင့်ရေးအတွက် ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander AZIZOV နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လှိုက်လှဲနွေးထွေးစွာ ကြိုဆို

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး ဦးဆောင်သည့် အဖွဲ့ဝင်များအား မိမိအနေဖြင့် လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း ဦးစွာပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဘွဲ့တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV က လက်ရောက်အပ်နှင်းစဉ်။

## နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် မျက်မှောက်ကာလ၏ သမိုင်းပေးတာဝန်

ကိုယ့်မင်းကိုယ်ချင်းနှင့် နေထိုင်ခဲ့သောခေတ်တွင် မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ဖြစ်ပြီး နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်လာခဲ့သော မြန်မာတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူနေမှုစနစ်တို့နှင့် ကိုက်ညီခဲ့သည်။ ၎င်းပညာရေးစနစ်ဖြင့်ပင် မြန်မာများ စာပေတတ်မြောက်ကြပြီး ယဉ်ကျေးသိမ်မွေ့ခဲ့ကြသည်။ သက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်ခဲ့ကြသလို ကိုယ်ကျင့်တရားလည်း မြင့်မားခဲ့ကြသည်။

ဗြိတိသျှနယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းပိုက်မှုများ ဖြစ်ပေါ်လာသည့်အခါ လော့ဒ်မက်ကောလေး (Lord Macaulay) ၏ ပညာရေးမူဝါဒအရ ၁၈၆၆ ခုနှစ်တွင် ကိုလိုနီပညာရေးစနစ်ကို ချမှတ်၍ ၎င်းတို့၏ နယ်ချဲ့အုပ်ချုပ်ရေးယန္တရားအတွင်း အဆင့်နိမ့်ဝန်ထမ်းများအဖြစ် ခိုင်းစေရန်မျှသာ ရည်ရွယ်ကာ မြန်မာတို့ကို ပညာသင်ကြားပေးခဲ့သည်။ ယင်း၏ အကျိုးဆက်အနေဖြင့် နယ်ချဲ့လက်အောက်သို့ စတင်သွတ်သွင်းခံရစဉ်က တစ်နိုင်ငံလုံး စာတတ်မြောက်နှုန်း ၈၅ ရာခိုင်နှုန်းခန့်အထိ မြင့်မားခဲ့သော မြန်မာနိုင်ငံသည် နောက်ဆယ်စုနှစ် အနည်းငယ်အတွင်း ၃၅ ရာခိုင်နှုန်းခန့်အထိရောက်အောင် ကျဆင်းသွားခဲ့ရသည်။ အနောက်တိုင်းယဉ်ကျေးမှုဓလေ့ထုံးစံများ၏ လွှမ်းမိုးမှုကြောင့် မျိုးချစ်စိတ်ဓာတ်တို့ ခေါင်းပါးလာခဲ့သည်။

ကျွန်ပညာရေးစနစ်အောက်တွင် အဆင့်မြင့်ပညာရပ်များ သင်ကြားနိုင်ရေးအတွက် နှစ်ကာလရှည်လျားကြာမြင့်စွာ မြန်မာလူမျိုးတို့ တောင်းဆိုခဲ့ကြသည့် တက္ကသိုလ်ကျောင်းဖွင့်လှစ်နိုင်ရန် အင်္ဂလိပ်အစိုးရ၏ ဥပဒေကြမ်းသည် ၁၉၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ထွက်လာခဲ့သည်။ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် နှစ်ပေါင်း ၇၀ ခန့်၊ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် ၃၅ နှစ်ခန့်ကြာပြီးမှ ထွက်ပေါ်လာခဲ့သော နယ်ချဲ့တို့၏ တက္ကသိုလ်ဥပဒေသည် မြန်မာတို့ကို အဆင့်မြင့်ပညာများ တတ်မြောက်စေလိုသည့် စေတနာမပါ။ ဖိနှိပ်မှု၊ ခွဲခြားမှု၊ ကန့်သတ်မှုများစွာဖြင့် မြန်မာလူမျိုးများ တက္ကသိုလ်ပညာသင်ယူနိုင်ရန် အခွင့်အလမ်းမသာအောင်၊ ခက်ခဲကျပ်တည်းအောင် အပိတ်အဆို့၊ အတားအဆီးများစွာတို့ကို ထည့်သွင်းထားသည်။ နယ်ချဲ့အစိုးရ၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေသည် မြန်မာလူမျိုးတို့အဖို့ ကျေနပ်ဖွယ်မရှိ။

ယင်းတက္ကသိုလ်ဥပဒေအရ မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုတည်းသာ ရှိရမည်။ ၎င်းတက္ကသိုလ်၏လက်အောက်ခံ ကောလိပ်ကျောင်းမှာလည်း တစ်ကျောင်းတည်းသာ ရှိရမည်။ တက္ကသိုလ်နှင့်ကောလိပ်တို့မှာလည်း ရန်ကုန်မြို့တွင်သာရှိရမည်။ ပညာသင်ယူမည့် ကျောင်းသားများ ကျောင်းအိပ် ကျောင်းစားဖြစ်ရမည် စသည့် အချက်အလက်များအပါအဝင် ဥပဒေပါအကန့်အသတ်များအရ လူချမ်းသာ သားသမီးများသာလျှင် ခက်ခက်ခဲခဲ ကြိုးပမ်းသင်ယူနိုင်မည့် အခြေအနေမျိုးဖြစ်ပြီး သာမန်လူတန်းစားတို့ သင်ယူနိုင်မည့် တက္ကသိုလ်မျိုးမဟုတ်။ သို့ဖြစ်၍ တစ်နိုင်ငံလုံးက ဝိုင်းဝန်းကန့်ကွက်ကြသည့်ကြားမှ ယင်းဥပဒေကို ပြဋ္ဌာန်းလိုက်ရာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) တွင် ပထမကျောင်းသားသပိတ်ကြီး စတင်ပေါ်ထွက်လာသည်။

ပထမကျောင်းသားသပိတ် (၁၉၂၀) သည် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ပြီးနောက် ပြင်းပြင်းထန်ထန် ဖိနှိပ်ထားမှုကြောင့် ဆယ်စုနှစ်ပေါင်းများစွာ မီးခဲပြာဖုံးဖြစ်နေခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်သည် တစ်နိုင်ငံလုံးတွင် တညီတညွတ်တည်း ပြန်လည်ပေါ်ထွက်လာသည်ကို တွေ့မြင်ရခြင်းဖြစ်ပြီး နယ်ချဲ့ဗြိတိသျှတို့ တုန်လှုပ်သွားစေခဲ့သည့် ပထမဆုံး ဆန့်ကျင်တွန်းလှန်မှုဖြစ်သည်။ ထို့အပြင် တစ်မျိုးသားလုံးကို ဝံသာနုရက္ခိတတရား၊ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်တို့ ထက်သန်နိုးကြားလာအောင် တပ်လှန့်နိုးဆော်လိုက်ခြင်းလည်းဖြစ်ရာ ထာဝစဉ်မမေ့ကောင်းသောနေ့အဖြစ် နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်သည် အမျိုးသားအောင်ပွဲနေ့ဖြစ်လာခဲ့ရသည်။

မျက်မှောက်ကာလ မိမိတို့မျိုးဆက်များသည်လည်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့ကို မိမိတို့ခေတ်၏ သမိုင်းပေးတာဝန်များအဖြစ် ခံယူကာ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်တို့ ထက်သန်စွာဖြင့် ကြိုးပမ်းထမ်းဆောင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည် ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ရန် တရုတ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **သတင်းစဉ်**



## ပြည်ပသို့ ဆန်တင်ပို့မှုမှ နိုဝင်ဘာလအတွက် ဒေါ်လာ သန်း ၉၀ ရရှိခဲ့ပြီး ယခင်လထက် ပိုမိုတင်ပို့နိုင်ခဲ့

**ရန်ကုန် ဒီဇင်ဘာ ၅**

နိုဝင်ဘာလအတွက် ပြည်ပသို့ ဆန်တင်ပို့မှုမှ ဒေါ်လာ သန်း ၉၀ ရရှိခဲ့ပြီး ယခင်လထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ထားသော အချက်အလက်များအရ သိရသည်။

အောက်တိုဘာလတွင် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၁၁၉၅၂၆ တန် တင်ပို့ထားပြီး ကန်ဒေါ်လာ ၆၃ သန်းရခဲ့ကာ နိုဝင်ဘာလတွင် ဆန်တန်ချိန် ၁၇၅၉၉၀ အထိ တင်ပို့ခဲ့ပြီး ကန်ဒေါ်လာသန်း ၉၀ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်ဖြစ်သည့် ဧပြီလမှ နိုဝင်ဘာလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၇၅၉၆၇၃ တန် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၆၁ သန်းရရှိထားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန်နှစ်သန်း တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းလည်း ဆန်စပါးအသင်းချုပ်မှ သိရသည်။

ပြည်ပသို့ဆန်တင်ပို့ရန် လိုင်စင်လျှောက်ထားရာတွင်လည်း ယခင်က ၁၀၀ ရာခိုင်နှုန်း ဆန်လက်ဝယ်ရှိမှသာ လိုင်စင်ထုတ်ပေးမည်ဟု အသိပေးထုတ်ပြန်ထားသော်လည်း ယခုအခါ ၅၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အသိပေးထားသည်။ **သစ်တော်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ❖ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး

❒ *ရှေ့ဖုံးမှ*

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက ယခုကဲ့သို့ မိမိတို့ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် က ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးကြီးမားသောကြိုးပမ်းမှုများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား Order of Alexander Nevsky ဘွဲ့တံဆိပ်ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား Order of Friendship ဘွဲ့တံဆိပ်ကိုလည်းကောင်း ချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင် က ချီးမြှင့်ခဲ့သည့်ဘွဲ့တံဆိပ်များကို လက်ရောက်အပ်နှင်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က ချီးမြှင့်အပ်နှင်းသည့် Order of Alexander Nevsky ဆုတံဆိပ်ကို လက်ရောက်အပ်နှင်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV တို့ တွေ့ဆုံဆွေးနွေးစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikolai PATRUSHEV က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ Order of Friendship ဘွဲ့တံဆိပ်ကို လက်ရောက်အပ်နှင်းစဉ်။

### လက်ရောက်အပ်နှင်း

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ Order of Friendship ဘွဲ့တံဆိပ်ကို လက်ရောက်အပ်နှင်းသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က ပေးအပ်သည့်ဘွဲ့တံဆိပ်ကို လက်ခံရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် အာဆီယံရေးရာကိစ္စရပ်များ၊ နိုင်ငံတကာနယ်ပယ်၌ ဧကဝင်ရိုး (Uni Polar) မှ ဗဟုဝင်ရိုး (Multi Polar) အဖြစ် ပြောင်းလဲလာပြီး နိုင်ငံကြီးတစ်ခုတည်းမှ ကမ္ဘာကို လွှမ်းမိုးချုပ်ကိုင်မှုပြုလုပ်နိုင်မည့် အလားအလာနည်းပါးလာမှုနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာ၌ မြန်မာနိုင်ငံဘက်မှ ဆက်လက်ရပ်တည်သွားနိုင်မှုအခြေအနေများ၊ ရုရှားနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ကြိုးပမ်းချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ရပ်တည်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံအကြား သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ အိမ်နီးချင်းနိုင်ငံများနှင့် တိုက်ရိုက်ငွေပေးချေမှုများကို ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားတပ်မတော် နှစ်ရပ်အကြား ရေတပ်လေ့ကျင့်ခန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေများ၊ လေကြောင်းတိုက်ရိုက်ပျံသန်းမှုနှင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာထုတ်လုပ်ရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် သံမဏိထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်များ ရုရှားနိုင်ငံသို့ ဆက်လက်စေလွှတ်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ဆန်စပါးကဏ္ဍနှင့် ပဲ၊ ပြောင်း၊ နှမ်းကဏ္ဍ ပြည်ပတင်ပို့မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆန်စပါးကဏ္ဍနှင့် ပဲ၊ ပြောင်း၊ နှမ်းကဏ္ဍ ပြည်ပတင်ပို့မှု တိုးတက်ရေးအတွက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ (အောက်ဝဲပုံ)




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆန်စပါးကဏ္ဍ ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲပြုပြင်ခြင်းလုပ်ငန်းမှသည် ဖြန့်ဖြူးရောင်းချသည်အထိ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် (Supply Chain တစ်လျှောက်ဟန်ချက်ညီညီဆောင်ရွက်ရေး၊ စပါးများကို ခေတ်မီနည်းပညာများဖြင့် ကြိတ်ခွဲထုတ်လုပ်ပြီး အရည်သွေးမြင့်ဆန်များအား သတ်မှတ် လျာထားချက်ထက်ကျော်လွန်အောင် ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး၊ ပြည်ပဈေးကွက် ပိုမိုရရှိအောင် ဆောင်ရွက် ရေး၊ ပဲမျိုးစုံနှင့်ပြောင်း ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် အသင့်ပြုပြင်ထုတ်လုပ်၍ ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရေး၊ ပြည်တွင်းကောက်ပဲသီးနှံဈေးကွက် တည်ငြိမ်စေရေး၊ နှမ်းဆီနှင့် မြေပဲဆီကို ပြည်တွင်းစားသုံးမှု ဖူလုံစေရေးတို့အတွက် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး၊ ဆန်နှင့် ပဲမျိုးစုံ၊ ပြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပဈေးကွက်ပိုမိုရရှိရေး၊ မျှတသည့်ကုန်သွယ်မှု၊ မှန်ကန်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်သွားရန်နှင့် တရားမဝင် တင်ပို့တင်သွင်းမှု မရှိစေရေး အစိုးရနှင့် လုပ်ငန်းရှင်များ ပူးပေါင်းတားဆီး ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများက ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း နိုင်ငံများနှင့် သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှုတိုးချဲ့ရေး ဆောင်ရွက်ရန် လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၅

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ ဖြစ်သည့် သရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ရဲဝင်းဦး၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူ ရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး သီရိပျံချီ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H. E. Mr. Iskander AZIZOV နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ချီးမြှင့်အပ်နှင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဒုတိယဝန်ကြီး ဦးခင်လတ်က ဘွဲ့တံဆိပ်ပေးအပ်သည့် အမိန့်ကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikolai PATRUSHEV ထံ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့သည် တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV ဦးဆောင်သော အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မျက်စိကျန်းမာရေးနှင့် သွားကျန်းမာရေး စစ်ဆေး

လယ်ဝေး ဒီဇင်ဘာ ၅

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ၂၀၂၃ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၄ ရက်က လယ်ဝေးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ မျက်မမြင်၊ မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးဌာနနှင့် ကျောင်းကျန်းမာရေးဌာနတို့ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများအား မျက်စိကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် သွားကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဦးစွာ လယ်ဝေးမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူလေးများအား ကျန်းမာရေး အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနစိတ်မှ ဒေါက်တာ မောင်မောင်မျိုးဝင်း၊ ပျဉ်းမနားခုတင်-၂၀၀ ဆေးရုံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဆွေမာဦးတို့က ကျောင်းသား ကျောင်းသူ ၄၀၇ ဦးအား မျက်စိစမ်းသပ်စစ်ဆေးပေးခဲ့ပြီး လယ်ဝေးမြို့ ခုတင်-၁၀၀ ဆေးရုံမှ သွားဆရာဝန်များက ကျောင်းသား ကျောင်းသူ ၈၉ ဦးအား သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)



# ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၅

**ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီတို့အကြား တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC II) ၌ ကျင်းပသည်။** (ယာပုံ)



ဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်လင်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပတ်ထရူးရှက်ဖ် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### ညှိနှိုင်းဆွေးနွေး

ဆွေးနွေးပွဲတွင် နိုင်ငံတကာ မျက်နှာစာ၌ နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေးအခြေအနေ၊ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ သတင်းအချက်အလက် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံ ဝန်ကြီးအဆင့် ဆွေးနွေးပွဲနှင့် တစ်ဆက်တည်းမှာပင် “ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု” ဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Albert KARIMOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်၍ လည်းကောင်း၊ ထို့နောက် “စားနပ်ရိက္ခာလုံခြုံရေး” ဆိုင်ရာ ဆက်စပ်ဆွေးနွေးပွဲကို ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sergei LEVIN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်၍ လည်းကောင်း၊ ယင်းနောက် “စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး” ဆိုင်ရာ ဆက်စပ်ဆွေးနွေးပွဲကို ကျင်းပရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (Rosatom)၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး Mr. Andrei BELYAKOV ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့တက်ရောက်၍ လည်းကောင်း၊ ဆက်လက်၍ “ဘဏ္ဍာရေးဆိုင်ရာ လုံခြုံရေး” ဆက်စပ်ဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ Mr. Aleksei GUZNOV ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့တက်ရောက်၍ လည်းကောင်း ကဏ္ဍအလိုက် နှစ်နိုင်ငံရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။




မြန်မာ-ရုရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပတ်ထရူးရှက်ဖ်တို့က လက်မှတ်ရေးထိုးကြစဉ်။

### လက်မှတ်ရေးထိုး

ဆွေးနွေးပွဲအပြီးတွင် မြန်မာ-ရုရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပတ်ထရူးရှက်ဖ်တို့က လက်မှတ်ရေးထိုးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်လုံခြုံရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပတ်ထရူးရှက်ဖ် တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကာ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပတ်ထရူးရှက်ဖ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်းပတ်ထရူးရှက်ဖ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယမန်နေ့ည ၁၀ နာရီတွင် ရောက်ရှိခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းရင်းဆေးဝါးဖြင့် ကုသပေး

ရန်ကုန် ဒီဇင်ဘာ ၅

(၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်လွင်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)နှင့် အသင်းဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်၊ အတွင်းရေးမှူးနှင့် တိုင်းရင်းဆေးသမားတော်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူး ဒေါ်သန်းသန်းဆွေ၊ ဒလမြို့နယ် တိုင်းရင်းဆေးဦးစီးမှူး ဦးတင်ဖြိုးအောင်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ထောအောက်ကျေးရွာအုပ်စု ကြာဖြူကန်ကျေးရွာရှိအေးကမ္ဘာချမ်းသာဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ပုရိဝုဏ်အတွင်းရှိ အေးကမ္ဘာချမ်းသာဓမ္မာရုံ၌ ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးဝါးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျေးရွာသူ ကျေးရွာသားများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ရောဂါဖြစ်ပွားမှုအခြေအနေအရ ဆေးဝါးများပေးအပ်ခြင်း၊ ဒူးနာခါးနာ၊ အကြောဝေဒနာရှင်များအား လက်တွေ့ကုသပေးကြသည်။ ယနေ့တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် လူဦးရေ ၁၁၃ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုဌေး**



# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ



**ရန်ကုန်  ဒီဇင်ဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၊အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

### ဝေဖန်ဆွေးနွေးတော်မူ

ထို့နောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဆဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတရေ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ဆက်လက်၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

### နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မဟာနာယကကျောင်းတော်ကြီးသို့ သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား အလှူရှင်မိသားစုများနှင့်အတူ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဥပုသ်တော်သန္တိဝတ်ရွတ်စဉ်ကျမ်းနှင့် ဗုဒ္ဓရုပ်ပွားပုံတော်များကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဆဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုဒ္ဓါစာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရ က လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ ဆဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက အတည်ပြုချက်ရယူပြီး အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

### တစ်နေ့တာ ဆက်ကပ်

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက သတ္တတိံသတိမ (၃၇) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဟာပါသာဏလိုဏ်ဂူတော်ကြီး ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပျက်စီးချို့ယွင်းမှုမရှိစေရေး၊ ယခုလက်ရှိအခြေအနေထက် လျော့ကျမှုမရှိစေရေး စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး (၄၇) ပါးစုံညီအစည်းအဝေး ဆုံးဖြတ်ချက်များဖြစ်သော သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဆုံးဖြတ်ချက်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ယင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များထံ တင်ပြညှိနှိုင်း၍ ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများက သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စရပ်များ ဆောင်ရွက်မှုနှင့် ဒေသအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်းစီမံကိန်း ကြိမ်ထည်လက်မှုသင်တန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဖွင့်လှစ်ပေး

**ပဲခူး  ဒီဇင်ဘာ ၅**

မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း ကြိမ်ထည်လက်မှု သင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ ဒီဇင်ဘာ ၅ ရက် နံနက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုရရှိနိုင်ရေး စီမံကိန်းများရေးဆွဲခြင်း၊ ဘဏ္ဍာရေး အရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ တီထွင်ဆန်းသစ်မှုများအားပေးမြှင့်တင်ခြင်းနှင့် အသက်မွေး ဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းတို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုစီးပွား နယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူဗဟိုပြု၍အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ဒေသန္တရ စီမံကိန်းများ ရေးဆွဲထားရှိပြီးဖြစ်ကာ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ခေတ်မီသော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်လာနိုင်စေရေး၊မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများအား ကဏ္ဍအလိုက်/ဒေသများအလိုက် အကောင်အထည်ဖော် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ရည်ရွယ်၍ ကြိမ်ထည်လက်မှုသင်တန်း ဖွင့်လှစ်ပေးခြင်းအပေါ် စိတ်ပါဝင်စားစွာ သိရှိနားလည်အောင် သင်ကြားကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိမ်ထည်လက်မှုသင်တန်း၏ သင်တန်းနည်းပြနှစ်ဦးအား ဂုဏ်ပြုထောက်ပံ့ငွေကို လည်းကောင်း၊ သင်တန်းသားသင်တန်းသူများအတွက် လုပ်ငန်းသုံးပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ သင်တန်းနည်းပြတစ်ဦးက သင်ကြားပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်ကြားမည့် ကြိမ်ထည်နမူနာများနှင့် လက်တွေ့သင်ကြားပြသနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး**(ဝဲပုံ)** ကြိမ်ထည်ပစ္စည်းများသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ဈေးကွက်ရရှိရေးနှင့် တာရှည်အသုံးပြုနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့်ဇနီး ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်




**ရန်ကုန် ဒီဇင်ဘာ ၅**
ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမှတ် (၉၄) ရှိ ထိုင်းသံအမတ်ကြီး၏ နေအိမ်ခြံဝင်း၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီးတို့ တက်ရောက်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ထိုင်းနိုင်ငံ နိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E .Mr. Mongkol Visitstump နှင့် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ထိုင်းယဉ်ကျေးမှုအဖွဲ့က ထိုင်းရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် သံအမတ်ကြီးနှင့်ဇနီးတို့က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ထိုင်းယဉ်ကျေးမှုအဖွဲ့က ထိုင်းရိုးရာ ယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့်ဇနီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်အခြေခံသော ကုန်ချောထုတ်လုပ်ငန်းများ ဒေသအလိုက်ဖွံ့ဖြိုးလာရေး တွန်းအားပေးဆောင်ရွက်သွားမည်



နေပြည်တော် ဒီဇင်ဘာ ၅
**စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်အခြေခံ ထုတ်လုပ်မှုလုပ်ငန်းများဖော်ထုတ်ခြင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ချာလီသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။** (ယာပုံ)

**အကောင်အထည်ဖော်ဆောင်ရွက်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာဌာနများက စာရင်းကောက်ယူပြုစုထားသည့် သီးနှံသားငါးထုတ်လုပ်မှု၊ မူရင်းထုတ်ကုန်လုပ်ငန်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန် အဆင့်အလိုက် စာရင်းဇယားများအပေါ် ဆွေးနွေးသုံးသပ်ကြပြီး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များ၊ လုပ်ငန်းစဉ် တစ်ခုချင်းအပေါ် ဦးစားပေးအလိုက်သတ်မှတ်၍ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်အခြေခံသော ထုတ်လုပ်မှုဆိုင်ရာ စာရင်းဇယားများ ကောက်ယူပြုစုချက်များကို သုံးသပ်ဖော်ထုတ်၍ နိုင်ငံတစ်ဝန်းရှိ မတူညီသော ရေမြေရာသီဥတုအလိုက် ထူးခြားသည့် အရည်အသွေးကောင်းထုတ်ကုန်များ၊ မြို့ ရွာအလိုက် ဝိသေသလက္ခဏာများ ပေါ်လွင်သော ထုတ်ကုန်များကို မြှင့်တင်အားပေးပြီး တိုင်းဒေသကြီးပြည်နယ်အားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်အခြေခံသော ကုန်ထုတ်စွမ်းအားများ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ဆက်စပ်ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆန်စပါးလုပ်ငန်းကွင်းဆက်တွင် ပါဝင်သော ဖွဲနုဆီစက်လုပ်ငန်း၊ စပါးခွံလောင်စာတောင့်လုပ်ငန်း၊ ဂျုံသီးနှံနှင့် ကွင်းဆက်လုပ်ငန်းများဖြစ်သော ဂျုံမှုန့်၊ ဘီစကွတ်နှင့် စားသောက်ကုန်များ၊ ဝဥမှ ထုတ်လုပ်သည့် ဝဥခေါက်ဆွဲနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ ငရုတ်နှင့် ဟင်းခတ်အမွှေးအကြိုင်လုပ်ငန်းများ၊ မွေးမြူရေးထွက်ကုန်မှ အအေးခဲအသား၊ ဝမ်းတွင်းသား၊ ချိုနှင့် သားရေထွက်လုပ်ငန်း၊ စည်သွတ်လုပ်ငန်းများ၊ သစ် ဝါး ကြိမ် အချောထည်လုပ်ငန်းများနှင့် စက္ကူပျော့ဖတ်လုပ်ငန်းများ စသည့် ကွင်းဆက်လုပ်ငန်းများကို စနစ်တကျ ဖော်ထုတ်၍ အလတ်စား၊ အငယ်စားနှင့် အသေးစားလုပ်ငန်းများ၊ တစ်ဦးချင်းတစ်ပိုင်တစ်နိုင် လုပ်ငန်းများ၊ သမဝါယမအစုအဖွဲ့များအပိုင် စနစ်တကျ ဆောင်ရွက်နိုင်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ငန်းရှင်များအပါအဝင် လုပ်ငန်းကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူများနှင့် ဟန်ချက်ညီပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ပုဂံခေတ်လက်ကျန် သမိုင်းဝင် ကန်သုံးကန်ကို ပြန်လည်မွမ်းမံ

**ရန်ကုန် ဒီဇင်ဘာ ၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ ပုဂံခေတ်လက်ကျန် သမိုင်းဝင် ကန်သုံးကန်ကို ပြန်လည်မွမ်းမံမှုများပြုလုပ်နေကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

ပြန်လည်မွမ်းမံနေသည့် ကန်သုံးကန်မှာ ပုဂံခေတ်ကပင်အသုံးပြုခဲ့သည့် အလံပုဂံကန်၊ ဒေသအခေါ်အလယ်ကန် ခေါ် မရိုးကန်နှင့် နွံလက်တစ်ဖက်ကန်တို့ဖြစ်ကြကြောင်း သိရသည်။

“အရင်တုန်းက ပုဂံခေတ်က ရှိခဲ့တဲ့ရေကန်တွေကို ပြန်ပြီးကွင်းဆင်းနေတာပါ။ ရေကန် အရင်တုန်းကတော့ ကန်ပေါင်း ၁၀၀ ကျော်ရှိတယ်။ အဲဒါ ရှိမရှိ ကျွန်တော်တို့ ပြန်စစ်တာ ၇၀ ကျော်တော့ ကျွန်တော်တို့ ရတယ်။ ပုဂံခေတ်ကတည်းက ကန်ကြီးသုံးကန်ကို မတူးဘူး။ ပေါင်တွေ ပြန်မြှင့်တယ်။ ပြန်မြှင့်တဲ့နေရာမှာလည်း မြေကိုဘူဒိုဇာ ဒီဝန်းကျင်က မယူ အချို့ကန်တွေရှိတဲ့ ပို့ချမြေတွေကို ယူတယ်။ အဲဒါကလည်း ရှေး/သုက ချပေးတဲ့ဂိုက်လိုင်းနဲ့အညီလုပ်တာပါ” ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းက ပြောသည်။

**ပုဂံဒေသတစ်ခုလုံးကို ယူနက်စကို ကော်မတီဝင် ၂၁ နိုင်ငံက ကန့်ကွက်မှုမရှိဘဲ အတည်ပြုခဲ့**

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေပုဂံသည် ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်တွင် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး ဘုရားတစ်ဆူချင်းအနေဖြင့်မဟုတ်ဘဲ ပုဂံဒေသတစ်ခုလုံးကို ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှုကော်မတီဝင် ၂၁ နိုင်ငံက ကန့်ကွက်မှုမရှိဘဲ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်က ပုဂံငလျင်လှုပ်ခဲ့ရာ ထိခိုက်ခဲ့ရသည့် ဘုရားများအားလုံး ပြင်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်းလည်း သိရသည်။

၂၀၂၁ ခုနှစ် ရေကြီးမှုဖြစ်စဉ်နှင့် မိုခါမုန်တိုင်းဝင်ရောက်မှုကြားကာလအတွင်း စီမံခန့်ခွဲမှုများကို ပြန်လည်လေ့လာကာ ကျုံးများထဲသို့ ရေဝင်ရောက်မှုမဖြစ်စေရန် မြောင်းသုံးခုတူးခဲ့ပြီး ရေကြီးရေလျှံမှုဘေးမှ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

“ဘုရားတွေကိုထိန်းသိမ်းတဲ့နေရာမှာလည်း ဘုရားတွေက ၃၈၃၇ ဆူရှိတာမို့ သေချာထိန်းသိမ်းနေပါတယ်။ ဘုရားရုပ်ပွားတော်တွေ ပြန်လည်ပြင်ဆင်တာတွေလုပ်နေတယ်။ စားပွဲတင်ဘုရား ထိုင်တော်မူရုပ်ပွားတော် လေးဆူလည်းပြီးသွားပြီ” ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။ **သစ်တော်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအပြန်အလှန်အကျိုး ဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး ဒေါက်တာမိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှု အပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၄/ ၂၀၂၃) သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၄/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**တိုက်တွန်းမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းမှ သင်ကြားပို့ချပေးခဲ့သည့် အသိပညာဗဟုသုတများကို ဆက်လက်တိုးပွားအောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန်နှင့် လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပေါင်းစပ်အသုံးပြုသွားကြရန်နှင့် စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

**ဂုဏ်ပြုလက်မှတ်များပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် သင်တန်းသားများနှင့် Group Presentation အကောင်းဆုံးရရှိသည့် သင်တန်းသားများကို ဆုများချီးမြှင့်ပေးအပ်ပြီး တာဝန်ရှိသူများထံ သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းသားများကိုယ်စားသင်တန်းသားတစ်ဦးကသင်တန်းမှ ရရှိသည့် အကျိုးကျေးဇူးများနှင့် သင်တန်းဖွင့်လှစ် ပို့ချပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



**သင်ကြားပို့ချ**

အဆိုပါသင်တန်းတွင် ဝန်ကြီးဌာနမှ ဘာသာရပ်ကျွမ်းကျင်သူများနှင့် အခြားသော ဝန်ကြီးဌာနများမှ နည်းပြများဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် စီမံခန့်ခွဲမှု သဘောတရားများ (Management)၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု (Good Governance)၊ ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (Myanmar Investment Law)၊ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (Myanmar Companies Law)၊ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် သီအိုရီများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ၊ သံတမန်ရေးရာ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု၊ စာရင်းစစ်ဆေးခြင်းနှင့် အစစ်ဆေးခံရန် ပြင်ဆင်ခြင်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းလက်စွဲ စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးပြီး သင်တန်းသို့ သင်တန်းသား ၃၈ ဦး တက်ရောက်သည်။

**ဆက်လက်ဖွင့်လှစ်သွားမည်**

ဝန်ကြီးဌာနအတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၄/၂၀၂၃) အထိ အရာထမ်း၊ အမှုထမ်းပေါင်း ၁၉၅ ဦးသင်တန်းပို့ချပြီးဖြစ်ကြောင်းနှင့်သင်တန်းအမှတ်စဉ်(၅/ ၂၀၂၃) ကို ၂၀၂၄ ခုနှစ်တွင် ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာ့ပဲတီစိမ်း တန်ချိန် ၈၀၀၀ ကျော်ခန့် နှစ်စဉ်တင်ပို့နေပြီး ယခုနှစ် ပဲတီစိမ်းတင်ပို့ရန် ကုမ္ပဏီ ၁၀ ခုကို အဆိုပြုထား

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာ့ပဲတီစိမ်းကို ဥရောပသမဂ္ဂနိုင်ငံများသို့ နှစ်စဉ်တန်ချိန် ၈၀၀၀ ကျော်ခန့် တင်ပို့နေပြီး ယခုနှစ် ပဲရာသီတွင် ပဲတီစိမ်းတင်ပို့ရန် ကုမ္ပဏီ ၁၀ ခုကို အဆိုပြုထားကြောင်း ပဲတီစိမ်းတင်ပို့နေသည့် ကုမ္ပဏီများထံမှ သိရသည်။

**မြန်မာ့ပဲများ တင်ပို့**

၂၀၂၃-၂၀၂၄ ပဲရာသီတွင် ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာ့ပဲများ တင်ပို့လိုသည့် အဆိုပြုထားသည့် ကုမ္ပဏီ ၁၀ခုတွင် ကုမ္ပဏီအသစ် လေးခု ပါဝင်ကြောင်းလည်း သိရသည်။

**ဒီနှစ်မှာ ဥရောပသမဂ္ဂနိုင်ငံကို တင်ပို့ဖို့ဆောင်ရွက်နေ**

"မြန်မာ့ပဲတီစိမ်းကို ပုံမှန်အနေနဲ့ တစ်နှစ်ကို တန်ချိန် ၈၀၀၀ ကျော်ဝန်းကျင်လောက် ပို့ပါတယ်။ အရင်နှစ်တွေက နှစ်တိုင်းအမှာက ကျသွားတာမျိုး မရှိဘူး။ ဒီနှစ်မှာလည်း ဥရောပသမဂ္ဂနိုင်ငံတွေကို တင်ပို့ဖို့ဆောင်ရွက်နေပါတယ်။ ပဲရာသီအတွက် ပဲတွေလည်း စိုက်ပျိုးနေပါပြီ" ဟု ပဲတင်ပို့နေသည့် ကုမ္ပဏီများမှ သိရသည်။

ယခု ၂၀၂၃ ခုနှစ် ပဲရာသီတွင် မတ်လမှ အောက်တိုဘာလအထိ ကာလအတွင်း ဥရောပဈေးကွက်ကို ပဲတီစိမ်းတန်ချိန် ၈၀၀၀ ကျော် တင်ပို့ခဲ့ကြောင်းလည်း သိရသည်။

**အောက်တိုဘာလအထိ ပဲတီစိမ်း ၇၄၀၁၃ တန် တင်ပို့ခဲ့**

ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက် ဖောက်ရန်အတွက် ပဲတီစိမ်းများကို နှစ်စဉ်တင်ပို့လျက် ရှိပြီး ၂၀၁၅ ခုနှစ်မှ စတင်၍ ၂၀၂၃ ခုနှစ်အောက်တိုဘာလအထိ စုစုပေါင်းတန်ချိန် ၇၄၀၁၃ တန် တင်ပို့နိုင်ခဲ့ကြောင်းလည်း သိရသည်။

MT

# နိုဝင်ဘာလအထိ နိုင်ငံခုနစ်နိုင်ငံသို့ ရော်ဘာတန်ချိန် ကိုးသောင်းကျော် တင်ပို့ထားပြီးဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၅**

ယခုနှစ် နိုဝင်ဘာလအထိ နိုင်ငံခုနစ်နိုင်ငံသို့ ရော်ဘာတန်ချိန် ကိုးသောင်းကျော် တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

"အခု ဘတ်ဂျက်နှစ်မှာ နိုဝင်ဘာလအထိ ကိုးသောင်းကျော် တင်ပို့ထားတယ်။ အခုလည်း နယ်စပ်ကုန်သွယ်ရေး၊ Oversea ကနေ တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ အိန္ဒိယ မူလတင်ပို့နေတဲ့နိုင်ငံတွေကို တင်ပို့ဖို့လုပ်နေကြပြီ" ဟု အသင်းတာဝန်ရှိသူက ပြောကြားသည်။

**ရော်ဘာ ၇၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့**

ရော်ဘာထွက်ရှိမှုနှုန်း၏ ၇၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့နေသည့်အပြင် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ နိုင်ငံများသို့ တင်ပို့နေကြောင်းလည်း သိရသည်။ မြန်မာ့ရော်ဘာတင်ပို့မှုမှ နိုင်ငံခြားငွေ ရရှိမှုသည် ၂၀၁၈ -၂၀၁၉ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တစ်နှစ်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း ၂၅၀ မှ သန်း ၄၅၀ အကြား ရရှိသည်ဟု ဆိုသည်။

**နိုင်ငံတစ်ဝန်းတွင် ရော်ဘာစိုက်ဧက ၁ ဒသမ ၆၄ သန်းကျော်ရှိ**

နိုင်ငံတစ်ဝန်းတွင် ရော်ဘာစိုက်ဧကပေါင်း ၁ ဒသမ ၆၄ သန်းကျော်ရှိပြီး ထုတ်လုပ်မှုဧက ကိုးသိန်းခွဲခန့်ရှိကာ တစ်နှစ်ပျမ်းမျှအထွက်နှုန်း တန်ချိန်လေးသိန်း ဝန်းကျင်ရှိကြောင်း စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံ၌ ရော်ဘာကို မွန်ပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး တနင်္သာရီတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ကရင်ပြည်နယ်က တတိယအများဆုံး စိုက်ပျိုးကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

MT

# ထူးခြားသည့် ညအပူချိန်

**နေပြည်တော် ဒီဇင်ဘာ ၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၉ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီနှင့် မချမ်းဘောမြို့တွင် ၁၂ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၇၀ လက်မ၊ ဟဲဟိုးမြို့နှင့် မြိတ်မြို့တို့တွင် ၀ ဒသမ ၂၈ လက်မစီ၊ နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)နှင့် မိုးကုတ်မြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီနှင့် လွိုင်လင်မြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ လုပ်ငန်းများ ပိုမိုကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဒါရိုက်တာများ၊ ရုပ်သံလိုင်းများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၅**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာ မူဝါဒများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဒါရိုက်တာများ၊ ရုပ်သံလိုင်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိအနေဖြင့် ဆင်ဆာအဖွဲ့ဝင်များနှင့် ယနေ့တွေ့ဆုံခြင်းမှာ လုပ်ငန်းများ ဆွေးနွေးညှိနှိုင်းရန်နှင့် အနာဂတ်ရုပ်ရှင်လောကအတွက် မည်သို့ဆောင်ရွက်သင့်သည်ကို ရုပ်ရှင်အနုပညာရှင်များ၏ အကြံပြုချက်များ ရယူနိုင်ရန်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ၌ လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် စစ်ပွဲများ ဖြစ်ပေါ်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ ထိပါးမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်နေရသည့်အတွက် အနုပညာရှင်များအနေဖြင့် နိုင်ငံသားတစ်ဦးပီသစွာ ဝိုင်းဝန်းကာကွယ် စောင့်ထိန်းရမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် အမေရိကန်နိုင်ငံခြားရေးရုံးက ထုတ်ပြန်ထားသည့် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုအညွှန်းကိန်းအစီရင်ခံစာတွင် မြန်မာနိုင်ငံအား ဖော်ပြချက်နှင့်ပတ်သက်၍ စိတ်မကောင်းဖွယ် ဖြစ်ရပါကြောင်း။

ယနေ့အချိန်တွင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတလုပ်ငန်းများ ပုံမှန်အခြေအနေနီးပါးသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ သို့ရာတွင် ယခုထက်ပိုမိုကောင်းမွန်သည့် အခြေအနေမျိုးရောက်ရှိအောင် အားလုံးညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာပေထုတ်ဝေခွင့်များနှင့် ပတ်သက်၍ လွတ်လပ်ခွင့်များ ပေးခဲ့သော်လည်း အချို့သော ပုံနှိပ်ထုတ်ဝေသူများသည် ကျင့်ဝတ်စည်းကမ်းများကို မလိုက်နာဘဲ မသင့်မလျော်ရေးသားထုတ်ဝေခြင်းများကြောင့် အရေးယူ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများနှင့်ပတ်သက်၍ ဆင်ဆာကြည့်ရှုစိစစ်သည့် လုပ်ငန်းများကို မလွဲမရှောင်သာ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးပြသမှုများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံနှင့် ဆီလျော်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး ထိန်းသိမ်း ကြပ်မတ်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။



**ပွင့်လင်းစွာ ဆွေးနွေး**

ရုပ်ရှင်ဇာတ်ကားများ ဖန်တီးထုတ်လုပ်မှုများနှင့် ပတ်သက်၍ မိမိနိုင်ငံနှင့်လူမျိုး ထိခိုက်မှုမရှိစေရန် အသိတရားဖြင့် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ရုပ်ရှင်ရုံများ၌ ကြည့်ရှုသူများ အထိုက်အလျောက် များပြားလာပြီဖြစ်၍ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူး ထုတ်လုပ်မှုများကို အကျိုး/အပြစ် ချိန်ဆဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်သည့် လုပ်ငန်းရပ်များသည် အမျိုးသားအကျိုးစီးပွား ထိခိုက်မှုမရှိစေရေး ကူညီဆောင်ရွက်ပေးပါရန်နှင့် လိုအပ်သည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းပေးရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒါရိုက်တာများ၊ ရုပ်သံလိုင်းများနှင့် ဒေါ်ဆွေဇင်ထိုက်တို့က ရုပ်ရှင်လောက ပိုမိုကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး **(အပေါ်ပုံ)**က ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဝင်များနှင့်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များနှင့် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။





**ဆက်လက်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၃ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ စာရင်းကောက်အဖွဲ့ ၅၈၀၀ ကျော်က e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းဖြင့် ၂ ဒသမ ၁ သန်းကျော်၊ အိမ်ထောင်စုစာရင်း မရှိသဖြင့် အလွတ်ပုံစံများဖြင့် တစ်သန်းခန့်၊ စုစုပေါင်း ၃ ဒသမ ၁ သန်းကျော် ကောက်ယူ နိုင်ခဲ့ပါကြောင်း၊ ကောက်ယူရရှိသည့် စာရင်းအချက်အလက်များကို ရုံးချုပ်ရှိ e-ID Server အတွင်း အချက်အလက် တိုက်ဆိုင်ပြင်ဆင် ဖြည့်သွင်း အတည်ပြုခြင်းလုပ်ငန်း ဆောင်ရွက်ရန် အနည်းငယ်ကျန်ရှိနေသည့်အတွက် အချိန်မီပြီးစီးနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းစာရင်းများအရ အိမ်ထောင်စုစာရင်းရှိသော်လည်း နိုင်ငံသားကတ်ပြားမရှိသေးသူများ၊ အလွတ်ပုံစံဖြင့်ကောက်ယူခဲ့သည့် အိမ်ထောင်စုများနှင့် အခြားဒေသမှ ရွှေ့ပြောင်းရောက်ရှိနေထိုင်သူများအတွက် အမှန်တကယ် အိမ်ထောင်စုစာရင်း ရှိ/မရှိ စိစစ်၍ မြို့နယ်အဆင့်ဖွဲ့စည်းထားသည့် (၅) ဦးကော်မတီဖြင့် အသေးစိတ်စိစစ်အတည်ပြုကာ နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသူများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ပန်းခင်းစီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ထို့ပြင် အချက်အလက်ကွဲလွဲနေသူ အမျိုးသားမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားသူများ၊ အသက် ၁၆ နှစ်နှင့် ၁၈ နှစ် ကြား၊ အသက် ၁၈ နှစ်နှင့် အထက်မည်သည့်ကတ်ပြားမျှ ကိုင်ဆောင်ထားခြင်း မရှိသူများကိုလည်း စနစ်တကျစိစစ်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး ဆောင်ရွက် ပေးကြရန်လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းက စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ ကောက်ကွက် ၁၀ကွက်၊ မှော်ဘီမြို့နယ်၌ ကောက်ကွက် ငါးကွက် စုစုပေါင်း ကောက်ကွက် ၁၅ ကွက်ကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပါကြောင်း၊ ယင်းဆောင် ရွက်မှုအပေါ် ပြန်လည်သုံးသပ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ဆောင်ရွက်မည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်း အရာသန်းခေါင်စာရင်းကောက်ယူ ခြင်းလုပ်ငန်း အောင်မြင်ရေးအတွက် ကော်မတီအဆင့်ဆင့်က ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ ဆောင်ရွက်မှုနှင့် ကောက်ယူရရှိသည့် အချက်အလက်များကို e-ID Server အတွင်း စိစစ်ဖြည့်သွင်းဆောင်ရွက်မှု၊ ပန်းခင်းစီမံချက် ဆောင်ရွက်ပြီးစီးမှုနှင့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းမှုနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းများ အောင်မြင်ရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှု အခြေအနေ၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေများပေးအပ်**

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့် အဆိုပါခန်းမ၌ တွေ့ဆုံပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် လုံခြုံရေးကိစ္စရပ်များကိုလည်း ဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ULA/AA ကြောင့် သဇင်ပန်းတွေကြွေရတော့မယ့် သာလီစွ ငါရို့ရခိုင်မြေ

ရခိုင်သားတစ်ဦး

ဘေးအန္တရာယ်ဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရလျှင် သဘာဝဘေးအန္တရာယ် (Natural Disaster) နှင့် လူလုပ်ဘေးအန္တရာယ် (Man-made Disaster) ဟူ၍ သတ်မှတ်နိုင်သည်။ သဘာဝ ဘေးအန္တရာယ်များဆိုသည်ကား သဘာဝအလျောက် ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်လာသော ဖြစ်စဉ်များဖြစ်ပြီး လူလုပ်ဘေးအန္တရာယ်ဆိုသည်မှာ လူသားတို့၏ အကြမ်းဖက်လုပ်ရပ်ဖြင့် ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော အနိဋ္ဌာရုံများဖြစ်သည်။



လူလုပ်ဘေးအန္တရာယ် ဖြစ်သည့် အကြမ်းဖက်မှုများ ဖြစ်လာပြီဆိုလျှင် မည်မျှပင် ဖွံ့ဖြိုးတိုးတက်သည့်နေရာဖြစ်ပါစေ အချိန်တစ်ခဏအတွင်းမှာပင် ပျက်စီးဆုံးရှုံးမှုများစွာကို မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်သည်။ အကြမ်းဖက်မှုများကြောင့် မြို့၊ ရွာများ ပျက်စီးမှုနှင့်အတူ စီးပွားရေး ဆောင်ရွက်နိုင်မှု မရှိခြင်း၊ စားသောက်ကုန်များ ပြတ်လပ်ရှားပါးခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုရပ်တန့်ခြင်းနှင့် ကုန်ဈေးနှုန်းများ အဆမတန် ကြီးမြင့်ခြင်း စသည့် နောက်ဆက်တွဲ အကျိုးဆက်များကို တွေ့ကြုံရမည်ဖြစ်သည်။

မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ပျက်စီးမှုများသည် သာမန်မျှသာဖြစ်ပြီး ၎င်းတို့ကို ပြန်လည်ပြင်ဆင်နိုင်သော်လည်း လူလုပ်ဘေးအန္တရာယ်ကြောင့် ပျက်စီးမှုကတော့ သာမန်မဟုတ်ပေ။ သူ့ကြောင့် ရုပ်ဝတ္ထုပိုင်းသာမကဘဲ ကလေးငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် စိတ်ဓာတ်ရေးရာတို့အပါအဝင် ဘက်ပေါင်းစုံတွင် ထိခိုက်ပျက်စီးမှုများကိုဖြစ်စေသည်။ လူလုပ်ဘေးအန္တရာယ်ဆိုသည့်အတိုင်း ထိုအခြင်းအရာသည် လူသားများ၏လုပ်ရပ်ကြောင့်ဖြစ်သော ဘေးဒုက္ခဖြစ်၍ လူသားများကပင် ပြန်လည်ထိန်းသိမ်းမှုများ လုပ်ရမည်ဖြစ်သည်။





မိမိတို့နိုင်ငံမှာ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများကို နိုင်ငံတော်အစိုးရက ပြန်လည်ပြင်ဆင်မှုများနှင့် တိုးတက်ကောင်းမွန်မှုများ လုပ်ဆောင်ပေးနိုင်ခဲ့သလို တစ်ဖက်တွင်လည်း လူလုပ်ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာမည့် ပျက်စီးမှုများကို ပြည်သူများ မလိုလားသည့် အခြေအနေ တစ်ခုက အထင်းသားတည်ရှိနေသည်။ ထိုအခြေအနေ ဖြစ်ပေါ်တည်ရှိရာနေရာကား မြန်မာနိုင်ငံ၏ အနောက်ဘက်ရှိ ရခိုင်တိုင်းရင်းသားများနေထိုင်ရာ ရခိုင်ပြည်နယ်ပင်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်ကြားက ကမ်းမြောင်ဒေသတွင် တည်ရှိပြီး ရှေးရခိုင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသောဒေသဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသည့်အတွက် မျက်စိပသာဒဖြစ်စွာ သာယာလှပသည့် ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော မုန်တိုင်းများ တိုက်ခတ်မှုဒဏ်ကို မကြာခဏကြုံတွေ့ခံစားရလေ့ရှိသည်။

သို့သော် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးတိုင်း နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့ ပူးပေါင်းပြီး ရခိုင်ပြည်ကြီးကို မူလအတိုင်းသာမက မူလထက် ပိုမိုတိုးတက်မှုများဖြင့်



ဆက်လက်သာယာလှပစေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အထင်ရှားဆုံး ဥပမာတစ်ခုကို ထုတ်ပြရမည်ဆိုလျှင် အနီးစပ်ဆုံးအနေဖြင့် မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကို လက်ညှိုးထိုးပြရပေမည်။

သဘာဝဘေးအန္တရာယ် ဖြစ်သည့် မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူနှင့်တပ်မတော်လက်တွဲညီစွာ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ စိတ်တူကိုယ်တူဖြင့် ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးစီးမှုမှာ ၉၉ ရာခိုင်နှုန်းပင်ရှိနေပြီဖြစ်သည်။

ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်နှင့် နဖူးတွေ့၊ ဒူးတွေ့ရင်ဆိုင်ခဲ့ရသော်လည်း တွဲလက်ညီညာအောင်ကြောင်းဖြာဆိုသည့် စကားအတိုင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှုများ တိုးတက်လာသည်။ ကျောင်းနေအရွယ်ကလေးငယ်များသည်လည်း ပညာရေးကိုဆုံးခန်းတိုင်အောင် သင်ယူနိုင်သည်အထိ အစစအရာရာအဆင်ပြေနေခဲ့သည်။ တစ်နည်းဆိုရလျှင် ရခိုင်ပြည်ကြီးကောင်းစားနေပြီဖြစ်သည်။

သို့သော် ရခိုင်ပြည် ကောင်းစားရေးဟု ခေါင်းစဉ်တပ်ပြီး အပြောတစ်မျိုး၊ အလုပ်တစ်မျိုးဖြင့် ရခိုင်ပြည်နယ်ကို အရုပ်ဆိုး အကျည်းတန်အောင် မိုက်မဲသည့် လုပ်ရပ်များကို လုပ်ဆောင်သူများကား အချိန်ကိုက်ဆိုသလို ထွက်ပေါ်လာပြန်သည်။ ထိုအဖွဲ့ကား တခြားမဟုတ်။ ULA/AA ဆိုသည့် အကြမ်းဖက်သောင်းကျန်းသူများပင်ဖြစ်သည်။

ရခိုင်တိုင်းရင်းသားတို့သည် အင်မတန်မှပင် ရိုးသားဖော်ရွေကြသည်။ ULA/AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ရခိုင်တိုင်းရင်းသားတို့၏ ရိုးသားဖော်ရွေမှုများကို ခုတုံးလုပ်ကာ ရခိုင်ပြည်နယ်ကို စစ်မီးလောင်စေရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်စတင်လုပ်ဆောင်လာသည်။

အကြမ်းဖက်သောင်းကျန်းသူ ULA/AA အဖွဲ့ကို KIA အကြမ်းဖက်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေ၌ ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ စတင်ဝင်ရောက်ကာ ပြည်နယ်အတွင်း စစ်မီးမွှေးခဲ့ခြင်းဖြစ်သည်။ စစ်မီးမွှေးသည်ဆိုသည့်အတိုင်း ULA/AA အဖွဲ့က အကြမ်းဖက်လုပ်ရပ်များကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများက သင်းတို့၏ မှားယွင်းနေသည့် လုပ်ရပ်များကို ဝေဖန်ထောက်ပြကြသည့် ရခိုင်တိုင်းရင်းသားများ၊ သင်းတို့၏ လမ်းစဉ်ကို သဘောမတူမလိုက်လိုသည့် ရခိုင်တိုင်းရင်းသားများကို အမျိုးသားသစ္စာဖောက်များဟုပင် သတ်မှတ်ပြီး ဆဲဆိုခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်းတို့ကို လုပ်ဆောင်လာခဲ့ကြသည်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့ကိုယ်၎င်းတို့ ရခိုင်တိုင်းရင်းသား တစ်ရပ်လုံးကိုကိုယ်စားပြုသည်ဟုဆိုသည်။ သို့သော် သင်းတို့၏ လုပ်ရပ်များမှာကား ရခိုင်တိုင်းရင်းသားများနေထိုင်ရာနေရာမှာ တိုင်းတစ်ပါးသားများကို နေရာချထားပေးနေသကဲ့သို့ ဖြစ်လာသည်။ ကိုယ့်တိုင်းရင်းသားအချင်းချင်းကို အနိုင်ကျင့်နှိပ်စက်သည်။ ရခိုင်မျိုးချစ်စိတ်တွေ

***စာမျက်နှာ ၁၁ သို့***

*စာမျက်နှာ ၁၀ မှ*

ပျက်စီးသွားအောင် ရိုက်ချိုးသည်။ ထိုမှတစ်ဖန် ကောင်းစားနေသည့် ရခိုင်ပြည်ကြီးကို ဖျက်ဆီးမှုများ လုပ်ဆောင်သည်။ ထိုအကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် ULA/AA အဖွဲ့ကြောင့် ရခိုင်ပြည်ကြီး၏ မည်သည့်နေရာမှာမှ တိုးတက်မှုမရှိခဲ့ပေ။




အမှန်စင်စစ်တွင် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်ပေးနေသူများမှာ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပင်ဖြစ်သည်။ အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ကြောင့်ပင် ရခိုင်ပြည်နယ် ကောင်းစားခဲ့ရသည်။ ရခိုင်ပြည်နယ်ကြီး အခုလိုမျိုး ကောင်းစားနေပြီဆိုလျှင် ULA/AA အကြမ်းဖက်သောင်းကျန်းသူများက စစ်မီးမွှေးသည်။ ထိုအကြမ်းဖက်သမားများက ယခုတစ်ကြိမ်တွင်လည်း ကောင်းစားနေသည့် ရခိုင်ပြည်ကြီးပျက်စီးစေရန် စစ်မီးမွှေးလိုက်ပြန်သည်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများသည် နိုဝင်ဘာလက ပလက်ဝဒေသရှိ လုံခြုံရေးစခန်းငယ် နှစ်ခုနှင့် ရောက်အောင် ပို့နိုင်ရေးအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ရသည်။ အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ တက်ညီလက်ညီ ကြိုးပမ်းမှုများကြောင့် မုန်တိုင်းတိုက်ခတ်ပြီး ရက်ပိုင်းအတွင်းမှာပင် ရခိုင်ပြည်နယ်ရှိ ကျောင်းသား၊ ကျောင်းသူများမှာ မြန်မာနိုင်ငံတစ်ဝန်းရှိကျောင်းသား၊ ကျောင်းသူများနည်းတူ နောက်မကျဘဲ ပညာသင်ယူနိုင်ခဲ့သည်။

အခုတော့ “ရခိုင်ပြည်နယ် ကောင်းစားရေး” ခေါင်းစဉ်ကိုဗန်းပြပြီး တိုက်ခိုက်ဖျက်ဆီးမှုများ လုပ်လာသည့် ULA/AA အကြမ်းဖက် သောင်းကျန်းသူများကြောင့် စစ်မီးတောက်လောင်ရာ နေရာများရှိ စာသင်ကျောင်းများမှာလည်း ဓားစာခံများဖြစ်ကာ ပျက်စီးသွားရသည်။ စာသင်ကျောင်းများပျက်စီးခြင်း၊ ပညာသင်ယူနိုင်မည့် နေရာများ မရှိတော့ခြင်းသည် အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာမည့် ကလေးငယ်များအတွက် အနာဂတ်မဲ့သွားခြင်းပင်ဖြစ်သည်။

အနာဂတ်တွင် ပညာသည်သာ အရာရာဖြစ်လာမည်ဖြစ်သည်။ လူတစ်ဦးချင်းစီက ပညာတတ်မှသာ ရပ်ရွာ၊ ပြည်နယ်၊ တိုင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ သို့မဟုတ်ပါက လူတန်းစေ့ပင်နေနိုင်မည်မဟုတ်ပေ။ လက်ရှိအချိန်မှာဆိုရင်လည်း ကောင်းစားနေသည့် ရခိုင်ပြည်နယ်ကြီး၏ စစ်မီးတောက်လောင်မှုမရှိသည့် အချို့နေရာများမှ ကလေးငယ်များက ပညာသင်ယူနေချိန်တွင် ULA/AA အကြမ်းဖက် သောင်းကျန်းသူများကြောင့် စစ်မီးတောက်လောင်နေရသည့် နေရာများရှိ ကလေးငယ်များမှာ ပညာရည်နို့ကို ငတ်မွတ်နေကြရသည်။ ထိုကလေးငယ်များအတွက် အနာဂတ်ပျောက်ဆုံးသွားရသည်။ တရားခံက ULA/AA အကြမ်းဖက်သောင်းကျန်းသူများပင်ဖြစ်သည်။

ယခင်တုန်းက ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော ရခိုင်တိုင်းရင်းသားများအပါအဝင် ပြည်သူလူထုအပေါင်းမှာ ကိုယ့်အလုပ်ကို အေးအေးဆေးဆေး လုပ်ကာ စီးပွားကို ကောင်းစွာရှာနိုင်ကြသည်။ မြန်မာနိုင်ငံ၏ ချမ်းသာကြွယ်ဝသူများစာရင်းတွင် ရခိုင်တိုင်းရင်းသားများလည်း ပါဝင်သည်ကို အားလုံးအသိပင်ဖြစ်သည်။ *စာမျက်နှာ ၁၂ သို့*













ပေါက်တောမြို့ကို ဝင်ရောက်တိုက်ခိုက်သည့်အပြင် အင်အားနည်းသည့် ရဲစခန်းအချို့ကိုလည်း သာလွန်အင်အားများဖြင့် တိုက်ခိုက်သည်။ ရခိုင်ပြည်နယ်တောင်ပိုင်းရှိ အချို့ဒေသများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ယာဉ်မောင်းများကိုလည်း ဖမ်းဆီးခြင်းများ ပြုလုပ်သည်။ သင်းတို့က ရခိုင်ပြည်နယ်မှာ စစ်မဖြစ်ဖြစ်အောင် ရည်ရွယ်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

ယခုအချိန်သည် ရခိုင်ပြည်နယ်အတွင်းရှိ ရိုးသားကြိုးစားသူ တောင်သူလယ်သမားများ စပါးရိတ်သိမ်းရမည့်အချိန်ဖြစ်သည်။ သို့သော် ULA/AA အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် တောင်သူလယ်သမားများမှာ စပါးရိတ်သိမ်းနိုင်ခြင်းမရှိဘဲ အိုးကွာအိမ်ကွာဖြင့် အတိဒုက္ခရောက်နေကြရသည်။

မိုခါမုန်တိုင်း တိုက်ခတ်စဉ်က ကျောင်းဖွင့်ရာသီ ဖြစ်သည့်အတွက် ကျောင်းသားများ အချိန်မီကျောင်းတက်နိုင်ရေးကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ဦးစီးပေး လုပ်ဆောင်ခဲ့သည်။ ကျောင်းသားများကို အမိုးအကာအောက်









*စာမျက်နှာ ၁၁ မှ*

အခုတော့ ULA/AA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ရခိုင်တိုင်းရင်းသားများသာမက ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးမှာ နောက်ကျောမလုံဘဲ ကျီးလန့်စာစားနေရသည့် ဘဝသို့ ရောက်မှန်းမသိ ရောက်သွားရသည်။ စီးပွားတွေလည်း မဖြစ်တော့ပေ။ ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ ရပ်တန့်သွားသည်။ ဒီပုံစံအတိုင်းဆိုလျှင် ရခိုင်တိုင်းရင်းသားများမှာ ဆင်းရဲတွင်းထဲသို့ ရောက်မှန်းမသိ ပြန်ရောက်ရတော့မည်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်မီးမွှေးမှုကြောင့် ရခိုင်တိုင်းရင်းသားများသာ ဒုက္ခရောက်ရသည်မဟုတ်ဘဲ ရခိုင်မှန်လျှင် တန်ဖိုးထားကြသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များလည်း ပျက်စီးကြရသည်။ ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းအမွေအနှစ်တွေဆိုသည်မှာ အလွန်ကို ရှေးကျသည့်လက်ရာများဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ထွန်းကားခဲ့မှု၏ ပြယုဂ်တစ်ခုလည်းဖြစ်သည်။ သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်းဟုဆိုသည့်အတိုင်း များလှစွာသော ရှေးဟောင်း






**အကြမ်းဖက်သောင်းကျန်းသူများက Drone အသုံးပြု၍ Drop Bomb ချ တိုက်ခိုက်မှုကြောင့် ပေါက်တောမြို့ မြို့မဈေးမီးလောင်မှုကို တွေ့ရစဉ်။**

စေတီပုထိုးများသည် ဘိုးဘွားများ ထားရစ်ခဲ့သည့် သမိုင်းရဲ့ အမွေအနှစ်ဖြစ်သည်။ ဒီအမွေအနှစ်တွေသည် တို့ရခိုင်တိုင်းရင်းသား တစ်ရပ်လုံးနှင့် သက်ဆိုင်သည်။ ပွင့်ပွင့်လင်းလင်းပြောရလျှင် ဒီအမွေအနှစ်တွေကြောင့်ပင် တို့ရခိုင်တိုင်းရင်းသားဆိုတာ တည်ရှိနေခြင်းပင်ဖြစ်သည်။

ရှေးဟောင်းအမွေအနှစ်ဆိုသည်မှာ နှစ်သက်တမ်းရှည်ကြာလေ တန်ဖိုးကပိုမိုကြီးမားလေဖြစ်သည်။ တန်ဖိုးကြီးမားမှုနှင့်အတူ ထိုအမွေအနှစ်ကို ပိုင်ဆိုင်သူများ၏ တန်ဖိုးလည်း မြင့်တက်လာရစမြဲဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းရှိ ရှေးဟောင်းအမွေအနှစ်များမှာ ရခိုင်တိုင်းရင်းသားများအတွက် တန်ဖိုးတက်စရာပင်ဖြစ်သည်။








**အကြမ်းဖက်သောင်းကျန်းသူများက Drone အသုံးပြု၍ Drop Bomb ချ တိုက်ခိုက်မှုကြောင့် ပုဏ္ဏားကျွန်းမြို့ မြို့မဈေးမီးလောင်မှုကို တပ်မတော်သားများနှင့် ပြည်သူလူထုက ဝိုင်းဝန်းငြိမ်းသတ်နေစဉ်။**

တကယ်လို့များ ULA/AA အကြမ်းဖက်သောင်းကျန်းသူများက စစ်မီးမမွှေးခဲ့ဘူးဆိုလျှင်၊ စစ်ကို မဖိတ်ခေါ်ခဲ့ဘူးဆိုလျှင်၊ စစ်ပွဲတွေကို မဖြစ်ပွားစေခဲ့ဘူးဆိုလျှင် ရခိုင်တိုင်းရင်းသားများ၏ တန်ဖိုးကလည်း မြင့်တက်သည်ထက် မြင့်တက်မည်မှာ အမှန်ပင်ဖြစ်သည်။ အခုတော့ ဖြစ်လာနိုင်သည့်အခြေအနေနှင့် ဖြစ်နေသည့်အခြေအနေက ပြောင်းပြန်တွေဖြစ်နေပေပြီ။ ဒီလိုတွေ ဖြစ်လာအောင် ဖန်တီးသူက ULA/AA အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည်။

သင်းတို့လုပ်လို့ ရခိုင်တိုင်းရင်းသားတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးရသည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ ပျက်စီးရသည်။ ရှေးဟောင်းအမွေအနှစ်တစ်ခု ပျက်စီးတိုင်း ရခိုင်တိုင်းရင်းသားတို့၏ တန်ဖိုးတစ်ခု ကျဆင်းသွားသည်ဟု ခံစားရသည်။ ဒါတွေကို မိမိအပါအဝင် ရခိုင်တိုင်းရင်းသားတစ်ရပ်လုံးက လက်မခံနိုင်ပေ။ ဒီလိုမျိုးတွေဖြစ်လာစေဖို့ လုပ်ဆောင်နေသည့် ULA/AA အကြမ်းဖက်သောင်းကျန်းသူများကိုလည်း ရခိုင်ပြည်နယ်တစ်ခုလုံးက လက်မခံနိုင်ပေ။ ဖြစ်နိုင်လျှင် သင်းတို့တစ်ဖွဲ့လုံးကို ဖောင်ပေါ်တင်ပြီး ဘင်္ဂလားပင်လယ်အော်ထဲ မျှောပစ်လိုက်ချင်သည်။

မိုခါမုန်တိုင်းတိုက်တုန်းက တို့ရခိုင်တိုင်းရင်းသားတွေ ဘေးအန္တရာယ်ကြုံတွေ့နေချိန် သင်းတို့က နေသာသပ လေညာကလိုနေနေသည်။ *စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*
ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ချိန်ကျတော့လည်း အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြင့် ကူညီဖို့ဝေးစွ ဒုက္ခရောက်နေရသည့် တို့ရခိုင်တိုင်းရင်းသားတွေဆီကနေ ရသလောက်အမြတ်ထုတ်သည်။

တည်ဆောက်ရေးလုပ်ငန်းများပြီးစီးလို့ တို့ရခိုင်ပြည်နယ်ကြီး ကောင်းစားချိန်ရောက်လာတဲ့အခါကျတော့ သင်းတို့က စစ်မီးမွှေးသည်။ ဒါကြောင့် ULA/AA အကြမ်းဖက် သောင်းကျန်းသူများကို ဒီနေရာကနေ စကားတစ်ခွန်း ပြောချင်သည်။ “မင်းတို့ကောင်းအောင် မလုပ်နိုင်ရင်တောင်မှ သူများတကာက ကောင်းအောင် လုပ်ထားတာကို မဖျက်ဆီးပါနဲ့” ဟုသာ။



တပ်မတော်သားများက ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကယ်ဆယ်နေရာချထားပေးမှုကို တွေ့ရစဉ်။

ULA/AA အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်သည် လူလုပ်ဘေးအန္တရာယ်ဖြစ်သည်။ ဒီဘေးကြောင့် လူ့အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများပါ ပျက်စီးစေပြီး ရခိုင်တိုင်းရင်းသားများမှာ သေနတ်သံများ၊ ယမ်းငွေ့များကြား ပြေးလွှားနေရသည့်ဘဝကို ရောက်ရှိရသည်။



ရခိုင်ပြည်သူတိုင်း AA ကို လက်သင့်မခံကြောင်း လူမှုကွန်ရက်တွင် ဖော်ပြမှု။

သဘာဝ ဘေးအန္တရာယ်သည် နာရီပိုင်းမျှသာကြာပြီး ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများကို လပိုင်းအတွင်း ပြန်လည်တည်ဆောက်နိုင်သော်လည်း ULA/AA အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာမိုက်မဲလှသော လူလုပ်ဘေးအန္တရာယ်သည် ရက်ပေါင်းများစွာ၊ လပေါင်းများစွာ ကြာစေနိုင်သောကြောင့် ပျက်စီးဆုံးရှုံးမှုများမှာလည်း အလွန်ကြီးမားမည်ဖြစ်သည်။ သင်းတို့အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ရှိနေသေးသမျှကာလပတ်လုံး တို့ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများလည်း ရှိနေဦးမည်ဖြစ်သလို ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသည်လည်း နာလန်ထူနိုင်မည်မဟုတ်ဘဲ ရခိုင်ပြည်နယ်၏အနာဂတ်မဲ့ကာ ဖွံ့ဖြိုးတိုးတက်မှု ပျောက်ဆုံးသွားမည်ဖြစ်သည်။

မိမိအနေဖြင့် ULA/AAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို မေးချင်သည်။ “ဘယ်လိုအကြောင်းပြချက်နဲ့ အခုလိုမျိုး စစ်မီးမွှေးရတာလဲ။ မျိုးဆက်သစ်ရခိုင်တိုင်းရင်းသားများကို ဘယ်လိုအမွေအနှစ်တွေ ပေးခဲ့ချင်လို့လဲ။ ပြာပုံအတိနဲ့ ဒုက္ခပင်လယ်ဝေနေတဲ့ရခိုင်ပြည်နယ်ကိုလက်ဆင့်ကမ်းစေချင်တာလား” ဟူ၍ ဖြစ်သည်။

ရခိုင်ပြည်နယ်ကြီး ကောင်းစားရေးအတွက်ဆိုလျှင် သင်းတို့အဖွဲ့ရခိုင်မြေပေါ်က ပျောက်ကွယ်သွားပေးပါ။ သင်းတို့သာ ပျောက်ကွယ်သွားလျှင် ရခိုင်ပြည်ကြီး ကောင်းစားပါပြီ။ ယဉ်ကျေးမှုအမွေအနှစ်များကိုတော့ အကောင်းအတိုင်း ချန်ထားခဲ့ပေးပါ။ တို့တွေအနေနဲ့ သာယာစည်ပင်ဝပြောတဲ့ ရခိုင်ပြည်ကြီးကို မျိုးဆက်သစ်ရခိုင်တိုင်းရင်းသားများအား လက်ဆင့်ကမ်း အမွေပေးခဲ့ပါမည်။

တို့ရခိုင်ပြည်သည် သင်းတို့ ULA/AA အကြမ်းဖက်သောင်းကျန်းသူများမပေါ်ပေါက်ခင်က အင်မတန်မှ အေးချမ်းပြီး အလွန်နေချင်စဖွယ် ကောင်းသည့်နေရာဖြစ်သည်။ စီးပွားရေးတွေ ကောင်းသလို တို့ရခိုင်တိုင်းရင်းသား တစ်ဦးချင်းစီ၏ တန်ဖိုးများကလည်း မြင့်တက်ရသည်။ သင်းတို့တွေပေါ်ပေါက်လာပြီးနောက် တို့ရခိုင်ပြည်နယ်မှာ ယမ်းခိုးတွေဝေခဲ့ရသည်။

လူငယ်တွေ အနာဂတ်ပျောက်ခဲ့ရသည်။ သင်းတို့မရှိမှသာ တို့ရခိုင်မြေမှာငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို မြင်ရမည်ဖြစ်သည်။ ဒီအတွက်ကြောင့် သဇင်ပန်းတွေ မကြွေစေချင်တဲ့တို့အပါအဝင် ရခိုင်တိုင်းရင်းသားအားလုံးက ULA/AA အကြမ်းဖက် သောင်းကျန်းသူများကို ရခိုင်မြေမှာ မတွေ့ချင်သည့်အတွက် ဘယ်သောအခါမျှ ပြန်မလာခဲ့ပါနှင့် ULA/AA အကြမ်းဖက် သောင်းကျန်းသူများဟုသာ ဆိုချင်ပါတော့သည်။ ။

## ဆေးတက္ကသိုလ်(၂)ရန်ကုန်နှင့် ဂျပန်နိုင်ငံ Niigata University တို့အကြား နားလည်မှုစာချွန်လွှာ သက်တမ်းတိုးလက်မှတ်ရေးထိုး

**နေပြည်တော် ဒီဇင်ဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၂) ရန်ကုန်နှင့် ဂျပန်နိုင်ငံ Niigata University တို့အကြား ပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ငါးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာ (Agreement for Cooperation) သက်တမ်းတိုးလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါလက်မှတ်ရေးထိုးပွဲသို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်ပါမောက္ခချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ Niigata University, Division of International Health မှ Professor Reiko Saito နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

ဦးစွာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ် နှစ်ခုတို့၏ ယခင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးနိုင်မှုအပေါ် ဝမ်းမြောက်ကြောင်း အဖွင့်အမှာစကား ပြောကြားပြီး နှစ်ဖက်တက္ကသိုလ် ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြသည်။




အဆိုပါနားလည်မှုစာချွန်လွှာအရ ဆေးတက္ကသိုလ်(၂)ရန်ကုန်နှင့် Niigata University တို့သည် သုတေသနလုပ်ငန်းများတွင် အဓိကပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပြီး သင်ကြားရေး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အပြန်အလှန်စေလွှတ်ခြင်း၊ ပညာရေးဆွေးနွေးပွဲများနှင့် အခြားပညာရပ်ဆိုင်ရာနယ်ပယ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


အင်းစိန်မြို့နယ်၌ လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်စဉ်။

## ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ခရိုင် လေးခုရှိ မြို့နယ် လေးခုတို့တွင် မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ယမန်နေ့မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အင်းစိန်မြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ၄၅၁ ဦး၊ တောင်ဥက္ကလာပမြို့နယ် ရပ်ကွက် ခြောက်ခုမှ ပြည်သူ ၄၈၇ ဦး၊ သန်လျင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၅ ခုမှ ပြည်သူ ၃၉၇ ဦးနှင့် ကျောက်တံတားမြို့နယ် ရပ်ကွက် လေးခုမှ ပြည်သူ ၃၄၇ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာမှုများ ဆောင်ရွက်ကြသည်။

**လက်တွေ့စမ်းသပ်မဲပေး**

သို့ဖြစ်၍ ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ အင်းစိန်မြို့နယ်မှ မဲဆန္ဒရှင်ပြည်သူ ၈၅၂ ဦး၊ တောင်ဥက္ကလာပမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူ ၇၃၀၊ သန်လျင်မြို့နယ်မှ မဲဆန္ဒရှင်ပြည်သူ ၈၅၀ နှင့် ကျောက်တံတားမြို့နယ်မှ မဲဆန္ဒရှင်ပြည်သူ ၇၀၂ ဦး စုစုပေါင်းမဲဆန္ဒရှင်ပြည်သူ ၃၁၃၄ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ် မဲပေးလေ့လာခဲ့ကြသည်။

**တစ်ပြိုင်တည်းဆက်လက်ဆောင်ရွက်သွားမည်**

မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းအစီအစဉ်ကို ဒီဇင်ဘာ ၆ ရက်နှင့် ၈ ရက်တို့တွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်တို့တွင် တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရုရှားနိုင်ငံ၏ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်တို့အား ရုရှားသမ္မတမှ ပေးအပ်ချီးမြှင့်သည့်ဘွဲ့တံဆိပ်များနှင့် မြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးချက်များ၊

# မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေ၊

# ၅-၁၂-၂၀၂၃ ရက်နေ့ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဖြစ်စဉ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများ၊

# မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံတော်လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Nikolai PATRUSHEV နဲ့ တွဲဖက်အတွင်းရေးမှူးပြီးရင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအပါအဝင် ရုရှားနိုင်ငံရဲ့ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို ရောက်ရှိပါတယ်။ အဓိကကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ချီးမြှင့်တဲ့ Order of Alexander Nevsky ဘွဲ့တံဆိပ်လာရောက်ပေးအပ်ခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကို ရုရှားသမ္မတနိုင်ငံက ချီးမြှင့်တဲ့ဘွဲ့တံဆိပ်များ လာရောက်ပေးအပ်ခြင်း၊ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရေးဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။ ရုရှားနဲ့မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့လို့ ဒီဘွဲ့တံဆိပ်များ ပေးအပ်ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်လုံခြုံရေးကောင်စီအတွင်းရေးမှူးကို မြန်မာနိုင်ငံက ဘွဲ့တံဆိပ်ပေးအပ်တဲ့ အခမ်းအနား ပြုလုပ်ခဲ့ပါတယ်။ သရေစည်သူဘွဲ့ပေးအပ်ခြင်းအခမ်းအနား ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဒီဘွဲ့တံဆိပ်များပေးအပ်ပြီးတဲ့အခါမှာ နှစ်နိုင်ငံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ်နိုင်ငံဆွေးနွေးမှုကတော့ အချိန်နှစ်နာရီနီးပါး ကြာခဲ့ပါတယ်။ ဒီမှာတော့ နိုင်ငံတကာရေးရာကိစ္စတွေ၊ အာဆီယံရေးရာကိစ္စတွေ အဓိကဆွေးနွေးခဲ့ပါတယ်။ ပြီးရင် နိုင်ငံတကာမှာဖြစ်ပေါ်ပြောင်းလဲနေတဲ့ အခြေအနေတွေ၊ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ အပေါ်မှာ နှစ်နိုင်ငံရဲ့အမြင်တွေ၊ နှစ်နိုင်ငံရဲ့ သဘောထားရပ်တည်ချက်တွေ၊ ပြီးရင် နိုင်ငံတကာမျက်နှာစာမှာ ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံဘက်ကနေပြီး အစဉ်အမြဲရပ်တည်သွားမယ်ဆိုတဲ့ ရပ်တည်ချက်တွေ၊ ပြီးရင် မြန်မာနိုင်ငံရဲ့ဒေသတွင်းသဘောထားအမြင်တွေ၊ လက်ရှိဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့က နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်ရေးအတွက် ကဏ္ဍစုံပေ့ါ၊ ကဏ္ဍစုံဆိုတဲ့နေရာမှာ ကာကွယ်ရေး၊ လုံခြုံရေးကဏ္ဍ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍ၊ ဒီကာကွယ်ရေး၊ လုံခြုံရေးကဏ္ဍတွေအပြင် ငွေရေးကြေးရေးဆိုင်ရာကဏ္ဍတွေ၊ ပြီးရင် ကုန်သွယ်မှုဆိုင်ရာ ကဏ္ဍတွေ၊ အဓိကကတော့ ကျွန်တော်တို့မြန်မာနိုင်ငံမှာလိုအပ်နေတဲ့ စွမ်းအင်လျှပ်စစ်ကဏ္ဍတွေကို အဓိကထားပြီး ဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြီးရင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးလာမယ့် သံမဏိလုပ်ငန်း၊ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း ဒီလုပ်ငန်းတွေကိုလည်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ ပြီးရင်တော့ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် ကျန်းမာရေး၊ ပညာရေးကျန်းမာရေးဆိုင်ရာကိစ္စရပ်တွေ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာကိစ္စရပ်တွေ၊ ပညာတော်သင်နဲ့ပတ်သက်ပြီး ပညာတော်သင်ကိစ္စရပ်တွေ နယ်ပယ်တော်တော်များများကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယခင်နှစ်တုန်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သမ္မတ မစ္စတာ ဗလာဒီမာပူတင်နဲ့ ကျွန်တော်တို့မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့စဉ်အခါတုန်းကလည်း ရုရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ် သဘောထားကို ပွင့်ပွင့်လင်းလင်းပြောခဲ့ပြီး



ဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံအတွက် အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရမှုအရှိဆုံးနဲ့ ခိုင်မာမှုအရှိဆုံးနိုင်ငံလို့ သတ်မှတ်ပြီးဖြစ်ပါတယ်။ ဒါကြောင့် ရုရှား-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆက်ဆံရေး၊ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးကိစ္စတွေက ရှေ့ဆက်ပြီးတော့တိုးတက်ဆောင်ရွက်သွားမယ့် ကိစ္စတွေဖြစ်ပါတယ်။ နယ်ပယ်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နယ်ပယ်စုံ၊ ကဏ္ဍစုံ သဘောထားတူညီစွာရပ်တည်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ခုက ဒီနေ့မှာတော့ ကျွန်တော်တို့နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်နေထိုင်တဲ့ နိုင်ငံခြားသားများ လွှဲပြောင်းပေးမှုအနေနဲ့ အမျိုးသား ၉၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၀၄ ဦးကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာလ ၃၁ ရက်နေ့ကနေ ဒီဇင်ဘာလ ၅ ရက်နေ့အထိ စုစုပေါင်း ၁၁၁၈၃ ဦး လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်အနေနဲ့ ပထမဦးဆုံးက ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်မှာဖြစ်တဲ့ကိစ္စဖြစ်ပါတယ်။ အင်အား ၁၅၀၀ လောက်နဲ့ မုန်းတစ်နယ်လုံးကို သိမ်းပြီးပြီ၊ မုန်းတိုက်နယ်တစ်ခုလုံးကို သိမ်းပြီးပြီ ဆိုတဲ့ ကောလာဟလလွှင့်ထုတ်မှုမျိုးတွေရှိပါတယ်။ ဒီမနက်အထိလည်းရှိတာပါပဲ။ အားရပါးရရေးနေတာတွေလည်း ရှိတယ်။ အနောက်နိုင်ငံအားပေးမီဒီယာတွေ၊ အနောက်နိုင်ငံကထောက်ပံ့ပေးတဲ့ မီဒီယာတွေရေးနေတာတွေရှိပါတယ်။ ဖြစ်စဉ်ကတော့ ဒီဇင်ဘာလ ၃ ရက်နေ့မနက်ပိုင်းကနေစပြီး ဖြစ်ပွားခဲ့တယ်။ ဒီဇင်ဘာလ ၄ ရက်နေ့ မနေ့ကအထိ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ တချို့နေရာတွေမှာ မိသားစုတွေကို လုံခြုံစိတ်ချရတဲ့နေရာတွေကို ရွှေ့ပြောင်းပေးခဲ့ရတာတွေ ရှိပါတယ်။ ဒီနေ့ ဒီဇင်ဘာလ ၅ ရက်နေ့ မနက်ပိုင်းမှာပဲ ရှေ့ကပြောခဲ့တဲ့ အနောက်နိုင်ငံအားပေးမီဒီယာတွေ၊ ပြည်ဖျက်မီဒီယာတွေက အားလုံးသိမ်းပိုက်နိုင်ပြီလို့ပြောပါတယ်။ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှာလည်း ကျွန်တော်တို့ကစနစ်တကျ ပြန်လည်စုဖွဲ့ပြီးတော့ ကျွန်တော်ပြောခဲ့တဲ့ တပ်ရင်းတစ်ရင်းကို ပြန်လည်ဝင်ရောက်ပြီး လုံခြုံရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ မုန်းဆိုတာကမြို့သေးသေးလေးပါ။ တိုက်နယ်အဆင့်လို့ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ သူတို့အနေနဲ့က ဒီမုန်းဒေသမှာနေရာသုံးနေရာလောက်ကို အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်တာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် တခြားအဖွဲ့တွေရဲ့ မြို့သိမ်းတိုက်ပွဲ၊ မြို့သိမ်းတိုက်ပွဲဆိုတဲ့ ကြွေးကြော်သံတွေရဲ့အောက်မှာ ပြယုဂ်တစ်ခုပြချင်တာလည်းဖြစ်မှာပေ့ါ။ ဒ့ါကြောင့် ကျွန်တော်ဟိုနေ့ကလည်း ပြောခဲ့ပြီးပါပြီ။ သူတို့ ဘယ်လောက်အထိကျဆုံးတယ်၊ ဘယ်လောက်အထိ ထိခိုက်ဒဏ်ရာရရတယ်ဆိုတာ သူတို့ အသိဆုံးဖြစ်မှာပါလို့ ပြောခဲ့ပါတယ်။ ဒီနေ့မှာလည်းဒီလိုပါပဲ၊ မုန်းရဲ့မြောက်ဘက်နဲ့အရှေ့ဘက်ကို ရန်သူများဆုတ်ခွာထွက်ပြေးပါတယ်။ ဆုတ်ခွာထွက်ပြေးတဲ့အခါမှာလည်း တပ်မတော်အနေနဲ့ လုံခြုံမှုရှိအောင် လိုက်လံချေမှုန်းရတာမျိုးတွေ ရှိပါတယ်။ အဲဒီမှာလည်း သူတို့ဘယ်လောက်ကျဆုံးတယ်၊ ဘယ်လောက်ထိ ထိခိုက်ဒဏ်ရာရတယ်ဆိုတာ သူတို့ပဲအသိဆုံးဖြစ်ပါတယ်။ ဒါတွေက ဘယ်လောက်သေတယ်၊ ဘယ်လောက်ကျဆုံးတယ်၊ ဘယ်လောက်ဒဏ်ရာရတယ်ဆိုတာက ဂုဏ်ယူပြီးပြောနေစရာ မရှိပါဘူး။ ကျွန်တော်ပြောသလိုပါပဲ။ ဘယ်လိုပဲပြောပြော မြန်မာနိုင်ငံသားတွေပဲဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ ပြည်သူ့အသက်အိုးအိမ်၊ စည်းစိမ်၊ ပြည်သူလူထုရဲ့ လမ်းပန်းဆက်သွယ်မှု၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝလုံခြုံမှုကို ထိခိုက်လာရင်တော့ ပြတ်ပြတ်သားသားချေမှုန်းရမှာပဲဖြစ်တယ်လို့ ပြောချင်ပါတယ်။ ရှမ်းပြည်နယ်မြောက်ဘက်မှာတော့ လောက်ကိုင်မြို့ရဲ့အရှေ့ဘက်နဲ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတချို့ ရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ ထီးချိုင့်မှာ နေရာသုံးနေရာလောက် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုဖြစ်ခဲ့ပါတယ်။ ထီးချိုင့်ရဲ့ ဒီနေရာသုံးနေရာမှာလည်း ရန်သူအနေနဲ့ ထိခိုက်ဒဏ်ရာရမှုများပြားပြီး ဆုတ်ခွာထွက်ပြေးရတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ပြောလိုတာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်သည် နိုင်ငံတော်ဝန်ကြီးချုပ် ပြောပြီးတဲ့အတိုင်းပဲ၊ ပြောထားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို လိုက်နာကျင့်သုံးနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းတွေအပေါ်မှာထားရှိတဲ့မူဝါဒသည် ကျွန်တော်တို့ရဲ့နယ်မြေ၊ မြန်မာနိုင်ငံရဲ့ ပိုင်နက်နယ်မြေကိုအသုံးပြုပြီး အိမ်နီးနားချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွားကိုထိခိုက်စေမယ့်အလုပ်တွေ၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ လုံခြုံရေးကိုထိခိုက်စေမယ့်လုပ်ငန်းတွေကို လုံးဝလက်မခံဘူးလို့ အတိအလင်း ပြောကြားပြီးဖြစ်ပါတယ်။ အားလုံးနဲ့မိတ်ဆွေဖြစ်ရေးမူဝါဒပဲရှိပါတယ်။ အားလုံးနဲ့ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒပဲ ရှိပါတယ်။ ဒါတွေကို မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားရေးမူဝါဒအဖြစ် အစဉ်တစိုက်လက်ခံကျင့်သုံးခဲ့တာဖြစ်ပါတယ်။ နောင်မှာလည်း လက်ခံကျင့်သုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ သဘောထားရပ်တည်ချက်အမှန်ကိုသိတဲ့ နိုင်ငံများအနေနဲ့ ယနေ့အထိ မြန်မာနိုင်ငံဘက်ကနေရပ်တည်ပြီး ဆောင်ရွက်ပေးနေတာရှိပါတယ်။ ဒါကြောင့် ဒီနိုင်ငံများ၊ နိုင်ငံကြီးများကို ကျွန်တော်တို့အနေနဲ့ လေးစားပါတယ်၊ တန်ဖိုးထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားချင်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုဆောင်းပါး

# ထက်မြက်သည့် ပညာအခြေခံ အမျိုးသားရေးအားမာန်နှင့် အမျိုးသားအောင်ပွဲသန္နိဋ္ဌာန်

မိုးကေနိုင်

❖ ဒါပေမယ့် ကံမကောင်းတာက နိုင်ငံမှာ ပညာရေး ရေခံမြေခံ ရေသောက်မြစ်နဲ့ အကိုင်းအခက်များစွာဟာ ရိုက်ချိုးဖျက်ဆီးခံနေရခြင်းပါပဲ။ အဆက်မပြတ် တည်ဆောက်နေတဲ့ကြားက အဖျက်ဆီးခံနေရခြင်းပါ။ အားလုံးကို ပညာမဲ့တွေ ဖြစ်စေလိုတဲ့ အန္တိမရည်မှန်းချက်နဲ့ဘာသာတရားကိုပါ အမှည့်ခြွေခံနေရခြင်းများကို အမှုမဲ့အမှတ်မဲ့မနေသင့်ပါဘူး။ ဘာသာသာသနာနဲ့ အသိပညာဟာ စစ်မှန်တဲ့ အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်းသိဖို့ လိုပါပြီ

နိုင်ငံတစ်နိုင်ငံမှာ ရာနဲ့ချီတဲ့ (၁၃၅ မျိုးသော) လူမျိုးအစုအပေါင်းတို့နဲ့ ဖွဲ့တည်ရာ ပြည်ထောင်စုကြီးမှာ မျိုးချစ်စိတ်လည်း မရှိရ၊ နိုင်ငံချစ်စိတ်လည်း မရှိရ၊ ပြည်ထောင်စုစိတ်ဓာတ်လည်း မရှိရဘူးဆိုတဲ့ အဖြစ်။

အသိပညာတို့၊ မျိုးချစ်စိတ်တို့၊ နိုင်ငံချစ်စိတ်တို့၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဆိုတာ ဒီနေ့ဒီအချိန်မှာ အလုပ်မဖြစ်တော့ဘူးဆိုတဲ့အသိ။

ဒီလို ရှက်စရာကောင်းပြီး အလုပ်မဖြစ်တဲ့ စိတ်ဓာတ်မျိုးကို လုံးဝခံယူထား၍ မဖြစ်ပါ။ အင်္ဂလိပ်ကျွန်ဖြစ်ခဲ့တာ မမေ့ဖို့လိုသလို ရှည်လျားလှတဲ့ အတိတ်ကာလတစ်လျှောက် ခါးသီးစွာခံခဲ့ရတဲ့ ကိုလိုနီလက်အောက်ခံဘဝမှာ ကိုလိုနီတစ်ပါးကျွန်လက်အောက်က ရုန်းထွက်လွတ်မြောက်ဖို့ တိုက်ပွဲဝင်ခဲ့ကြတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ခံယူခဲ့ကြတဲ့ စိတ်ဓာတ်ဟာလည်း ဒီမျိုးချစ်စိတ်ပါပဲ။

ရပြီးခဲ့တဲ့ လွတ်လပ်ရေး တစ်ပါးသူလက်ပြန်ပါမသွားအောင်၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာ တစ်စကလေးမျှ တစ်ပွန်းတစ်ပဲ့စီဖြစ်မသွားအောင် အသက်ခန္ဓာတွေ အများကြီးပေး ကာကွယ်စောင့်ရှောက်ခဲ့ကြတာကလည်း ဒီနိုင်ငံချစ်စိတ်ပါပဲ။ တိုင်းရင်းသားလူမျိုး ကြီး၊ ငယ် အားလုံး ညီညီညွတ်ညွတ်မျှမျှတတနဲ့ စုစည်းနေထိုင်ကြတာလည်း ဒီပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပဲ မဟုတ်ပါလား။

**ခံယူချက်သဘောထားတွေးခေါ်ပုံတွေ ပြောင်းလဲနိုင်ခဲ့ကြလို့သာ**

ဒါပေမယ့် ယနေ့အချိန်အခါ လူငယ်တချို့မှာ ခေါင်းပါးလှတဲ့ အတွေးအမြင်အချို့နဲ့ယှဉ်ပြီး အမျိုးသားရေးအားမာန်နဲ့ မျိုးချစ်စိတ် အားနည်း၊ ယုတ်လျော့လာတဲ့ အခြေအနေအရပ်ရပ်ကို နေရာတကာမှာ တွေ့မြင်ကြားသိနေလေရဲ့။ ယနေ့ကာလကြီးမှာ ကမ္ဘာပေါ်မှာ ခွဲထွက်ခွင့်ပေးလိုက်လို့ ဘယ်နိုင်ငံ၊ ဘယ်ဒေသတွေများ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေတာ တွေ့မြင်ရပါသလဲ။ နဂိုကတည်းက အာဃာတအမုန်းတွေနဲ့၊ အုပ်စုကွဲအမြောက်အမြားနဲ့ အခြေခံအဆောက်အအုံနဲ့ နည်းပညာက မဖွံ့ဖြိုး၊ အသိပညာရည်နိမ့်ပါးပြီး မငြိမ်းချမ်းမဖွံ့ဖြိုးတဲ့နိုင်ငံတွေ၊ ဒေသတွေမှာဆို ပိုဆိုးတာပေါ့။ အထူးသဖြင့် ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်တွေအတွက် ရည်ရွယ်ပြီး အများကြီး သိစေချင်ပါတယ်။

ဒီနိုင်ငံ၊ ဒီမြေ၊ ဒီရေ ၊ ဒီလေကို တို့ဘိုးဘွားဆွေစဉ်မျိုးဆက် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခဲ့ကြလို့သာ ယခုလိုကာလအထိ အချုပ်အခြာဟာ တည်တံ့ခိုင်မြဲနေရခြင်းဖြစ်တယ်။ မျိုးဆက်အဆက်ဆက်တို့က တိုင်းပြည်ကို အခက်အခဲကြားက ထိန်းသိမ်း တည်ဆောက်နိုင်ခဲ့ကြလို့သာ ယနေ့ ပြည်ထောင်စုကြီးနဲ့ တို့တွေ ယခုတွေ့နေမြင်နေရတဲ့ ဘာသာ၊ သာသနာ၊ စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု အသီးသီးဟာ ခိုင်မြဲနေတယ်ဆိုတဲ့အချက်ကို မမေ့ကြဖို့နဲ့ အစဉ်လေ့လာနေဖို့ လိုပါတယ်။

မျိုးချစ်စိတ်ကို အဓိက တဖွဖွဆိုရာမှာလည်း မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဟာ မျိုးချစ်စိတ်ကိုသာ အခြေခံခဲ့လို့ ဖြစ်ပါတယ်။ ၁၉၂၀ ပြည့်နှစ်ဝန်းကျင်တစ်ဝိုက်က စတင်လိုက်တဲ့ မြန်မာတိုင်းရင်းသား ခေတ်ပညာတတ် ကျောင်းသားလူငယ်လေးတွေရဲ့ ကိုလိုနီပညာရေးအပေါ် အမျိုးသားပညာရေးသပိတ် တိုက်ပွဲလှုပ်ရှားမှုဟာ လွတ်လပ်ရေးအတွက် တစ်နိုင်ငံလုံးအုံကြွလှုပ်ရှားမှုအားလုံးရဲ့ အခရာဖြစ်ခဲ့ပြီး တစ်နိုင်ငံလုံးနယ်ချဲ့ကို မလိုချင်တော့တဲ့အထိ လွတ်လပ်လိုတဲ့ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့မွေးဖွားရာ မျိုးစေ့သဖွယ်ဖြစ်ခဲ့ပါတယ်။

အရေးကြီးတာက ထိုခေတ်က လူငယ်တွေဟာ သူတို့ရဲ့သဘောထားတွေ၊ တွေးခေါ်ပုံတွေကို အခြေအနေအလိုက် ပြောင်းလဲနိုင်ခဲ့ကြခြင်းပါပဲ။ ခံယူချက်ပြောင်းလဲမှုနဲ့အတူ ပြင်းထန်တဲ့အမျိုးသားရေးဇာတိမာန်ကြောင့်သာ လွတ်လပ်ရေးကြီး ရခဲ့တာဖြစ်တယ်ဆိုတာ မမေ့ဖို့ပါပဲ။ ဒီလိုပညာသန္ဓေကောင်းခဲ့တဲ့ နိုင်ငံချစ်စိတ်ကိုအရင်းခံပြီး ယနေ့လူငယ်များအနေနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင် ကျောင်းသားတွေကို နမူနာယူကာ နိုင်ငံရဲ့ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံမှာ စွမ်းဆောင်ရည်မြင့်မြင့်နဲ့ အကောင်းဆုံး ပါဝင်ကြစေချင်ပါတယ်။

**ဆက်စပ်နေတဲ့အမျိုးသားပညာရေးနဲ့ မျိုးချစ်စိတ်**

အမျိုး၊ ဘာသာ၊ သာသနာကို မီးထိုးပေးခဲ့တဲ့ အမျိုးသားရေးအားမာန်အစပျိုးရာ မီးပွားတစ်စဟာ လွန်ခဲ့တဲ့ ၁၉၂၀ ကစပြီး နိုင်ငံတစ်ဝန်းမှာ စတင်တောက်လောင်ခဲ့ပါတယ်။ ထိုမှတစ်ဆင့် အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာတယ်ဆိုတာလည်း အားလုံးအသိပါ။ မကြာမီကျရောက်တော့မယ့် အမျိုးသားအောင်ပွဲနေ့ဟာလည်း ရာပြည့်နှစ်မကကျော်လွန်လို့ သုံးနှစ်ထဲစွန်းခဲ့ပါပြီ။

ဂျီစီဘီအေ ရာပြည့်၊ အမျိုးသားကျောင်းရာပြည့်၊ ရန်ကုန်တက္ကသိုလ်ရာပြည့် ကာလတွေဟာလည်း အမျိုးသားနေ့ရာပြည့်နဲ့အတူ တောက်ပခဲ့ဖူးပါပြီ။ ကိုလိုနီဘဝက အမျိုးသားအောင်ပွဲရဲ့ထူးခြားချက်ကနေ မျိုးချစ်စိတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ပညာရေးရေခံမြေခံကောင်းတွေနဲ့အတူ မွေးဖွားပေးနိုင်ခဲ့ခြင်းကို နမူနာယူဖို့ပါပဲ။ ထို့ပြင် နိုင်ငံနဲ့လူမျိုးအတွက် အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းတင်မယ်ဆိုရင် ပညာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ အမျိုးသားရေးတာဝန်တွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေမှုကို ဖော်ထုတ်နိုင်ဖို့ပါပဲ။

**ဒါပေမယ့် ကံမကောင်းတာက နိုင်ငံမှာ ပညာရေး ရေခံမြေခံ ရေသောက်မြစ်နဲ့ အကိုင်းအခက်များစွာဟာ ရိုက်ချိုးဖျက်ဆီးခံနေရခြင်းပါပဲ။ အဆက်မပြတ်တည်ဆောက်နေတဲ့ကြားက အဖျက်ဆီးခံနေရခြင်းပါ။ အားလုံးကို ပညာမဲ့တွေဖြစ်စေလိုတဲ့ အန္တိမရည်မှန်းချက်နဲ့ဘာသာတရားကိုပါ အမှည့်ခြွေခံနေရခြင်းများကို အမှုမဲ့ အမှတ်မဲ့ မနေသင့်ပါဘူး။ ဘာသာသာသနာနဲ့ အသိပညာဟာ စစ်မှန်တဲ့ အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ကောင်းကောင်းသိဖို့လိုပါပြီ။**

ကျောင်းသားလှုပ်ရှားမှု၊ အမျိုးသားပညာရေးကတစ်ဆင့် သန္ဓေတည်လာတဲ့ အမျိုးသားအောင်ပွဲကနေ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို မွေးဖွားပေးခဲ့တဲ့ လွတ်လပ်ရေးကို အရယူနိုင်ခဲ့တဲ့စိတ်ဓာတ်ကို သက်သေပြုပြီး ယခုလိုအခြေအနေမှာ လိုအပ်နေတဲ့ တစ်မျိုးသားလုံးရဲ့ အမျိုးသားရေးစိတ်ဓာတ်တွေ ပြန်လည်နိုးထရန်အချိန်တန်ပြီလို့ ယူဆပါတယ်။ အမျိုးသားရေးစိတ်ဓာတ်နဲ့ ဒေသအလိုက်၊ လူမျိုးအလိုက် တန်ဖိုးထားရတဲ့ အမျိုးသားယဉ်ကျေးမှု ဂုဏ်ဒြပ်များ ဓလေ့ထုံးစံ၊ ဘာသာ၊ စာပေနဲ့ သိမ်မွေ့နက်နဲလှတဲ့ အနုသုခုမပညာရပ်တွေ မပျက်ပြားမယိုယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ အမျိုးသားရေးစရိုက်လက္ခဏာတွေ မတိမ်ကောမှာ ဖြစ်တယ်ဆိုတာကို များစွာသတိပြုရမှာ ဖြစ်ပါတယ်။

**ဝံသာနုနိုးကြားမှုအရှိန်ကို မြှင့်တင်ခဲ့သည့် လှုပ်ရှားမှုများ**

ထိုခေတ်ထိုအခါက လှုပ်ရှားခဲ့ကြတဲ့ ကျောင်းသားတွေဟာ ပညာရေးအတွက်၊ တိုင်းပြည်အတွက်၊ ကိုယ်ကျိုးမကြည့်ဘဲ တိုင်းပြည်နဲ့ လူမျိုးအတွက်ကိုသာကြည့်ပြီး စွန့်လွှတ်စွန့်စားခဲ့ဟန်တူပါတယ်။ ဆိုလိုတာက နယ်ချဲ့အစိုးရကပေးတဲ့ ကိုလိုနီပညာရေး၊ ဘာဘွဲ့၊ ဘယ်မြို့ဘယ်နယ်ပိုင်၊ ဘယ်အရေးပိုင်ရာထူးကိုမှ မတပ်မက်ခဲ့ကြခြင်းပါ။ ထိုထိုအနစ်နာခံစိတ်တွေဟာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်စိတ်ဓာတ်၊ သြဇာပြင်းပြတဲ့ ခေါင်းဆောင်ကောင်းစိတ်ဓာတ်တွေရဲ့ ရေခံမြေခံ မွေးဖွားရာဖြစ်တယ်ဆိုလည်း မမှားပါဘူး။

တစ်မျိုးသားလုံးညီညွတ်ရေး အခိုက်အတန့်တစ်ခုကို အစပျိုးနိုင်ခဲ့ခြင်းသည်ပင် ကိုလိုနီခေတ် ဂျီစီဘီအေ၊ ဝိုင်အမ်ဘီအေတို့လို အမျိုးသားရေးအသင်းအဖွဲ့တွေနဲ့ဆက်စပ်ပြီး ပညာ၊ ဘာသာ၊ လူမှုဝန်းကျင်ကောင်းတွေ ဖန်တီးနိုင်ခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ မှတ်ယူမိပါတယ်။ မီးခဲပြာဖုံးဖြစ်နေတဲ့ ဇာတိသွေးဇာတိမာန်တွေဟာ ဝံသာနုနိုးကြားမှုအရှိန်ကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ထိုခေတ်လူငယ်တွေဟာ မျက်နှာဖြူနဲ့ မြန်မာတွေအကြား ခွဲခြားမှုကင်းတဲ့ ပညာရေးဥပဒေပြဋ္ဌာန်းပေးနိုင်ရေးကစလို့ မြန်မာပြည် ယူနီဗာစီတီ သီးခြားပေါ်ပေါက်လာဖို့၊ လယ်လုပ်သူ မြန်မာလယ်သမားတွေ လယ်ပိုင်ရေး၊ မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်တွေ စီးပွားရေးမှာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေး တောင်းဆိုမှုတွေအထိ ခပ်စိတ်စိတ်လှမ်းနိုင်ခဲ့ကြပါတယ်။ ရေနံ၊ သတ္တု၊ အထည် ၊ ဘဏ်လုပ်ငန်းတွေမှာ နယ်ချဲ့တွေကြီးစိုးမှုမှန်သမျှ ကန့်ကွက်နိုင်ခဲ့ကြပါတယ်။ အုပ်ချုပ်ရေးမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးအထိ ရရှိဖို့အထိ တောင်းဆိုလှုပ်ရှားခဲ့ကြတယ်။ တိုင်းရင်းသားအကျိုး ဘယ်လိုမှရှေးရှုခြင်းမရှိတဲ့ ကိုလိုနီဥပဒေတွေကို သပိတ်မှောက်နိုင်ခဲ့ကြပါတယ်။

**သွေးခွဲမှုဆန်သည့်စွက်ဖက်မှုများ သတိထားရန်**

သတိထားဂရုပြုရမယ့်အချက်တစ်ခုကို တင်ပြလိုပါတယ်။ ကိုလိုနီခေတ်က တိုင်းတစ်ပါးဗြိတိသျှတို့ ပေးခဲ့တဲ့ ဒိုင်အာခီအုပ်ချုပ်ရေးဟာ မြန်မာတိုင်းရင်းသား မြန်မာလူမျိုးတွေရဲ့ စုစည်းညီညွတ်မှုစိတ်ဓာတ်ကို ဖြိုခွဲနိုင်ခဲ့တဲ့ သာဓကတစ်ခုလို့ဆိုနိုင်ပါတယ်။ ထိုစဉ်က ဂျီစီဘီအေအသင်းတွေ အစိတ်စိတ် အမြွှာမြွှာကွဲထွက်သွားပြီး နိုင်ငံရေးအယူအဆအမျိုးမျိုး၊ အစွဲအမျိုးမျိုးဖြစ်သွားရတဲ့အချက်ဟာ ယနေ့ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေး ဖြစ်စဉ်တွေမှာ သင်ခန်းစာယူစရာတစ်ခု အချက်တစ်ခုအဖြစ် မမေ့မလျော့သတိမပေါ့ဖို့ လိုပါလိမ့်မယ်။ မြန်မာနိုင်ငံတော်ကြီး မဖွံ့ဖြိုး၊ မတိုးတက်၊ အင်အားမကြီးမားအောင် လုပ်ချင်ရင် အလွန်လွယ်ပါတယ်။ မြန်မာတွေရဲ့စုစည်းမှု၊ စည်းလုံးမှု၊ ညီညွတ်မှုအားကို သွေးခွဲဖြိုခွဲလိုက်ရုံပါပဲ။ ကိုလိုနီခေတ် လွတ်လပ်ရေးရခဲ့တာမှသည် ယနေ့ထိတိုင် တိုင်းတစ်ပါးတို့ရဲ့အမျိုးမျိုးသော သွေးခွဲစွက်ဖက်ခြင်းများကြောင့် ခံစားနေရတဲ့ ယနေ့မြန်မာ တိုင်းရင်းသားတွေရဲ့ အနိဋ္ဌာရုံတွေက သက်သေပြလျက်၊ ပြဆဲဖြစ်ပါတယ်။

❍ သတိထားဂရုပြုရမယ့်အချက်တစ်ခုကို တင်ပြလိုပါတယ်။ ကိုလိုနီခေတ်က တိုင်းတစ်ပါးဗြိတိသျှတို့ ပေးခဲ့တဲ့ ဒိုင်အာခီအုပ်ချုပ်ရေးဟာ မြန်မာတိုင်းရင်းသား မြန်မာလူမျိုးတွေရဲ့ စုစည်းညီညွတ်မှုစိတ်ဓာတ်ကို ဖြိုခွဲနိုင်ခဲ့တဲ့ သာဓကတစ်ခုလို့ဆိုနိုင်ပါတယ်။ ထိုစဉ်က ဂျီစီဘီအေအသင်းတွေ အစိတ်စိတ် အမြွှာမြွှာကွဲထွက်သွားပြီး နိုင်ငံရေးအယူအဆအမျိုးမျိုး၊ အစွဲအမျိုးမျိုးဖြစ်သွားရတဲ့ အချက်ဟာ ယနေ့ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေး ဖြစ်စဉ်တွေမှာ သင်ခန်းစာယူစရာတစ်ခု အချက်တစ်ခုအဖြစ် မမေ့မလျော့ သတိမပေါ့ဖို့ လိုပါလိမ့်မယ်။ မြန်မာနိုင်ငံတော်ကြီး မဖွံ့ဖြိုး၊ မတိုးတက်၊ အင်အားမကြီးမားအောင် လုပ်ချင်ရင် အလွန်လွယ်ပါတယ်။ မြန်မာတွေရဲ့ စုစည်းမှု၊ စည်းလုံးမှု၊ ညီညွတ်မှုအားကို သွေးခွဲဖြိုခွဲ လိုက်ရုံပါပဲ။ ကိုလိုနီခေတ် လွတ်လပ်ရေးရခဲ့တာမှသည် ယနေ့ထိတိုင် တိုင်းတစ်ပါးတို့ရဲ့အမျိုးမျိုးသော သွေးခွဲစွက်ဖက်ခြင်းများကြောင့် ခံစားနေရတဲ့ ယနေ့ မြန်မာတိုင်းရင်းသားတွေရဲ့ အနိဋ္ဌာရုံတွေက သက်သေပြလျက်၊ ပြဆဲဖြစ်ပါတယ်

*စာမျက်နှာ ၁၇ သို့*

# အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲ ရန်ကုန်မြို့၌ပြုလုပ်



နေပြည်တော် ဒီဇင်ဘာ ၅

မြန်မာ့အမျိုးသားရေး ကွန်ရက်အဖွဲ့မှ ဦးဆောင်ပြီး **"အလုံးစုံပျက်သုဉ်းရေးကို လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက် လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲ"** ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလ ပန်းခြံဘေး ယာဉ်ရပ်နားကွင်း၌ ပြုလုပ်ခဲ့ကြသည်။

**ငြိမ်သက်စွာဂါရဝပြု**

ဦးစွာ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲကို တက်ရောက် လာကြသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ နိုင်ငံတော်သီချင်းအား သံပြိုင်သီဆိုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များ ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်စွာ ဂါရဝပြုခဲ့ကြသည်။

**ဆန္ဒများကိုဖော်ထုတ်**

ထို့နောက် အမျိုးသားရေး တက်ကြွလှုပ်ရှားသူ တစ်ဦးက နိုင်ငံတော်အတွင်း အချို့သောဒေသများ၌ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူ အသုံးပြုနေသည့် လမ်းတံတားများကို ဖျက်ဆီးခြင်း၊ လျှပ်စစ်တာဝါတိုင်များနှင့် ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အား ပေးရုံများကို ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုများ ဆုံးရှုံးကာ ကုန်စည် ကူးသန်းရောင်းဝယ်ရေးများတွင် အခက်အခဲများ ကြုံတွေ့နေရပြီး ဒေသခံပြည်သူလူထုတို့၏ အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အကြမ်းဖက်မှုများ ပပျောက် ချုပ်ငြိမ်းစေရေး တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့၏ ဆန္ဒများကို ယခုကဲ့သို့ ဖော်ထုတ်ရခြင်း ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများက **"နိုင်ငံတော်အား ကာကွယ်ရေး - တို့ပြည်သူအားလုံးပါဝင်ပေး၊ အလုံးစုံပျက်သုဉ်းရေး လုပ်ဆောင်နေတဲ့ အကြမ်းဖက်လုပ်ရပ်များ - အလိုမရှိ၊ နောက်ကွယ်ကနေ အကြမ်းဖက် အားပေးလုပ်ရပ်များ - ချက်ချင်းရပ်၊ ဒို့နိုင်ငံ ပျက်စီးအောင် အဖျက်သမားအားပေး နိုင်ငံများ - အလိုမရှိ"** အစရှိသည့် ကြွေးကြော်သံကို ကြွေးကြော်ခဲ့ကြသည်။

**အကြမ်းဖက်လုပ်ရပ်များ ဆန့်ကျင်**

အဆိုပါ အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ရှုတ်ချပွဲကို မြန်မာ့အမျိုးသားရေး ကွန်ရက်အဖွဲ့မှ ဦးဆောင်ပြီး အမျိုးသားရေး တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေး ပါတီဝင်များ၊ အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်သည့် ပြည်သူများ ပူးပေါင်းပါဝင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

✳ *ကျောဖုံးမှ*

အား/ကာ သိပ္ပံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဒီဇင်ဘာ ၈ ရက်တွင် သုဝဏ္ဏကွင်း၌ ရှေ့ဝတီအသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် GFA အသင်း၊ ဒီဇင်ဘာ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဒီဇင်ဘာ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇယားထိပ်ဆုံးတွင် ခြောက်မှတ်အသာဖြင့် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုတစ်ပတ်ပွဲတွင် အနိမ့်ဆုံး သရေတစ်မှတ်ရယူနိုင်ရုံဖြင့် ပွဲမကုန်မီ ချန်ပီယံဆုကို စောစီးစွာ ရယူနိုင်မည်ဖြစ်သည်။ လက်ကျန်နှစ်ပွဲစီကစားရန် ကျန်တော့သည့် အချိန်တွင် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာ ရောက်ရှိနေပြီး ယခုတစ်ပတ်ကတည်းက အဖြေထွက်ပေါ်ဖွယ်ရှိနေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ဗိုလ်စွဲပါက ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် လေးရာသီဆက်တိုက် ဗိုလ်စွဲမည်ဖြစ်သည်။

ပွဲစဉ် ၂၁ အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၅၆ မှတ်ဖြင့် ဦးဆောင်နေပြီး ရန်ကုန်အသင်းက ရမှတ် ၅၀၊ ဟံသာဝတီအသင်းက ၃၄ မှတ်၊ ဒဂုံစတားအသင်းက ၂၈ မှတ်၊ အား/ကာသိပ္ပံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ၂၆ မှတ်စီ၊ ရှေ့ဝတီနှင့် မြဝတီအသင်းက ၂၅ မှတ်စီ၊ ရတနာပုံအသင်းက ရမှတ် ၂၀၊ GFA အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်ရရှိထားသည်။ ပွဲစဉ် ၂၁ အပြီးတွင် တန်းဆင်းနှစ်သင်း ထွက်ပေါ်ပြီးဖြစ်သောကြောင့် လက်ကျန်ပွဲများတွင် ချန်ပီယံအသင်း၊ အဆင့် ၄/၅ နေရာအတွက် ပြိုင်ဆိုင်မှုများသာ ဆက်လက်တွေ့မြင်ရမည်ဖြစ်သည်။

**သတင်း - ရဲရင့်လွင်**

**ဓာတ်ပုံ - SUFC**

---

## သူ့ကျွန်မခံ အမျိုးသားမာန်

❖ သူ့ကျွန်အဖြစ် နှံ့နှစ်နေစဉ်<br>ဒို့ရင်ခံစား စိတ်ထားမကြည်လင်<br>ပညာဉာဏ်စင် ထူးပင်မဖြိုး<br>ကိုလိုနီပညာ မလိုအပ်ပါ<br>ညီစွာရိုက်ချိုးကြသည်နှင့်လေး။

❖ တိုင်းပြည်လူမျိုး ကောင်းကျိုးကေန်<br>ကျောင်းတော်သားများ ညီထားစိတ်အကြံ<br>စုပေါင်းတွန်းလှန် အောင်သံဝင့်ကြွား<br>အမျိုးသားကျောင်းတွေပေါ်လာပေ<br>ညီစေလက်တွဲထားသည်နှင့်လေး။<br>ဒို့အမျိုးသား စိတ်ထားမြင့်လာ<br>ပညာအစစ် ဆန်းသစ်သေချာ<br>ကိုယ့်အားကိုယ်သာ ကိုးပါစေကြောင်း<br>ပြည်လုံးညီညာဆောင်ရွက်ကာ<br>ပေါ်လာအမျိုးသားကျောင်းရယ်နှင့်လေး။

❖ အောင်စည်အောင်မောင်း အောင်ကြောင်းသံဝေ<br>နှစ်စဉ်နှစ်တိုင်း သမိုင်းသိကြစေ<br>မျိုးဆက်သစ်တွေ အမွေမပျက်<br>ကိုယ့်အမျိုးကိုယ့်စာမြတ်နိုးပါ<br>ပညာအရာဂုဏ်တက်သည်နှင့်လေး။

❖ လပြည့်ကျော်ဆယ်ရက် မပျက်စဉ်လာ<br>အမျိုးသားနေ့ ထူးပေ့ဂုဏ်အင်္ဂါ<br>တန်ဆောင်မုန်းမှာ မှတ်ပါအောင်ပွဲ<br>တစ်ပြည်လုံးပျော် ကောင်းကျိုးမျှော်<br>ကြွေးကြော်တိုက်ပွဲနွှဲသည်နှင့်လေး။

❖ အမြဲရင်မှာစွဲလျက်သာ ညီညာသစ်ခဲ့သည်။ ။

❖ မခွဲစဉ်လာပြည်မြန်မာ သူငါချစ်လျက်အတည်။ ။

(၇-၁၂-၂၀၂၃ ရက်တွင် ကျရောက်မည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုလျက်)

ဘိုမျိုး(ရွှေဘို)

---

*စာမျက်နှာ ၁၆ မှ*

**ပညာအခြေခံ**

**မှန်ကန်သည့်အမျိုးသားရေးကိုသာ**

ယနေ့ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်တွေ ကြည့်မယ်ဆိုရင်လည်း ဆုတ်ယုတ်ပျက်စီးတဲ့ နိုင်ငံအများစုရဲ့ အကြောင်းရင်းတစ်ခုမှာ ပညာအခြေခံတဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ အမျိုးသားရေးတာဝန်ကင်းမဲ့ခြင်း သို့မဟုတ် အမျိုးသားရေးစိတ်ဓာတ်အပေါ်မှာ ကျဉ်းမြောင်းတဲ့ ခံယူကျင့်သုံးမှုနဲ့ တလွဲအမှားတွေကြောင့်ဆိုတာ လေ့လာမိပါတယ်။ ကိုလိုနီခေတ်က မြန်မာလူငယ်တွေဟာ ပညာရေးကိုပဲ အခြေခံပြီး အနာဂတ်အမြော်အမြင်ကို ရင့်သန်အောင်လုပ်ခဲ့ကြတယ်။ အဖိနှိပ်ခံဘဝမှာ လွတ်လပ်ရေးလှုပ်ရှားမှုနဲ့အတူ တစ်မျိုးသားလုံး ညီညွတ်အောင်ကြိုးစားကြရတဲ့ အတွေ့အကြုံများကို ထိထိရောက်ရောက် အသုံးချခဲ့ကြတယ်။

ပညာကိုပညာတစ်ခုတည်းမထား၊ မူလပညာအခြေခံနဲ့အတွေ့အကြုံကို ပေါင်းစပ်လိုက်တဲ့အခါမှ သာလျှင် အတွေးအခေါ်၊ ဗဟုသုတရှိရှိ အမြော်အမြင်ကောင်းကောင်းနဲ့ အသိပညာပြည့်ဝတဲ့ ခေါင်းဆောင်ကောင်းတွေ ရရှိလာခဲ့တာဖြစ်ပါတယ်။ တိုင်းပြည်မှာ ဒီမိုကရေစီအရေး ပြောမလား၊ ဖက်ဒရယ်လမ်းကြောင်းပဲသွားမလား ဘယ်အရေး ဘယ်ကဏ္ဍမှာမဆို ချုပ်လိုက်ရင် အဓိကအချက်ဖြစ်တဲ့ "ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး" ဆိုသည့်လမ်းကြောင်းမှာ ပညာရေးကဏ္ဍဟာ မည်မျှအရေးပါကြောင်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ဒါကြောင့်ပဲ ယခု ၂၀၂၃ ခုနှစ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များမှာ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များရဲ့အခန်းကဏ္ဍကို အဓိကဦးစားပေး ဖော်ပြထားခြင်းကို သတိထားမိပါတယ်။


ထပ်ဆင့်အတွေ့အကြုံအပေါ် သင်ခန်းစာယူနိုင်တဲ့ အသိပညာဟာ ယနေ့ကမ္ဘာကြီးနဲ့ မြန်မာနိုင်ငံ အဖြစ်အပျက်တွေအပေါ် မြင်သိလက်ခံမှုတွေကို ပြောင်းလဲနိုင်စွမ်းရှိပါတယ်။ အတ္တမကြီးတဲ့ ကိုယ်ရည်ကိုယ်သွေးကိုပါ ပြောင်းလဲပေးနိုင်ပါတယ်။ အနတ္တကိုအခြေခံပြီး ကိုယ့်ဘက်ချည်းမဟုတ် အများအတွက်ပါ စဉ်းစားပေးတတ်လာခြင်း၊ ပကတိအရှိတရားနဲ့ အပြောင်းအလဲကိုလက်ခံပြီး အသိပညာ၊ အမျိုးသားရေးနဲ့ဖွံ့ဖြိုးရေး ဤသုံးချက်ကို မျှမျှတတတွေးခေါ်နိုင်ခြင်းတွေဟာ နိုင်ငံတည်ငြိမ်ရေးနဲ့ တည်ဆောက်ရေးမှာ များစွာအဖိုးတန်ပါတယ်။


ခိုင်မာတည်တံ့မှုကို လိုချင်ရင်တော့ သိမြင်မှုအားကောင်းပြီး စွမ်းဆောင်ရည် ပြည့်ဝတဲ့ မျိုးဆက်သစ်တွေ များစွာလိုအပ်နေသေးတာတော့ သေချာပါတယ်။ တည်ဆောက်ရေးနဲ့အဖျက်ကြားမှာ အစွန်းရောက်အမွေတွေပေးနေသမျှ မျိုးဆက်ပြတ်ပြီး အရှည်တည်တံ့မှုဟာ ခက်ခဲနေတတ်ပါတယ်။ ဒါကြောင့်လည်း လက်တွေ့မှာ အကျိုးထက် အပြစ်၊ အမှန်ထက် အမှားတွေသာ ထပ်ကာထပ်ကာ တွေ့နေရတာဖြစ်ပါတယ်။

အချုပ်အားဖြင့် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်ခဲ့တဲ့ အမျိုးသားပညာရေးလှုပ်ရှားမှုမှသည် နိုင်ငံလွတ်လပ်ရေးရသည်အထိ၊ အမျိုးသားရေးတာဝန်များကို မျိုးချစ်စိတ်နဲ့ ခေတ်အဆက်ဆက် တာဝန်ကျေစွာထမ်းရွက်ခဲ့ကြသလို ယခုလိုကာလမှာလည်း နိုင်ငံတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးမှာ အမျိုးသားအောင်ပွဲက မျိုးစေ့ချခဲ့တဲ့ ပညာရည်အခန်းကဏ္ဍရဲ့ အရေးပါပုံကို မလွဲမသွေ သိမြင်လက်ခံကြရမှာ ဖြစ်ပါတယ်။ သို့မှသာ ယနေ့လိုကာလမှသည် အနာဂတ်အထိ လိုအပ်နေတဲ့၊ နိုင်ငံအတွက် ယုံကြည်အားကိုး လေးစားထိုက်တဲ့ မျိုးဆက်ပေါင်းများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်တယ်လို့ အလေးအနက် ယုံကြည်နေမိပါတယ်။ ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ထောပတ်ထမင်းဘူးများ ပေးအပ်လှူဒါန်း







**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက်စေတနာရှင် အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

**လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေး**

ယနေ့တွင် စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောပတ်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှ တစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

**ဆုတောင်းမေတ္တာ စာလွှာများပါရှိ**

စေတနာရှင် ပြည်သူများလှူဒါန်းသည့် ထောပတ်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်ပြီး အသက်ပေးနေသော ပြည်သူ့စစ်သားကောင်းကြီးများ အန္တရာယ်ကင်းရှင်းဘေးကင်းပြီး ဘေးမသီရန်မခဘဲ အမြန်လာပြီး မိသားစုနှင့်အတူ ချစ်ကြည်နူးမှုတွေနဲ့ ပြန်လည်ဆုံတွေ့ကြပါစေ၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေ၊" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကောလင်းမြို့နှင့် အင်းတော်မြို့တို့၌ Non-CDM ဝန်ထမ်းများ အလင်းဝင်ရောက်ဟု ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် အင်းတော်မြို့နယ်မှ Non – CDM ဝန်ထမ်းများအား အလင်းဝင်ရန် အမိန့်ကြေညာစာ ထုတ်ပြန်ပြီးနောက်ပိုင်း ပညာရေးဝန်ထမ်းများ အပါအဝင် Non–CDM ဝန်ထမ်းများ အလင်းဝင်ရောက်ခဲ့သည်ဟု ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတုသတင်းမှားများ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် အင်းတော်မြို့နယ်တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူများ၏ ဖြေကြားချက်အရ မဟုတ်မှန်ကြောင်း၊ မိမိတို့ အနေဖြင့် တာဝန်ကျရာဌာနများမှာ ပုံမှန်အတိုင်း တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ သတင်းအမှားသာဖြစ်ကြောင်းနှင့် တရားမဝင်အဖွဲ့အစည်းဖြစ်သည့် NUG မှ Non–CDM ဝန်ထမ်းများ အလင်းဝင်ရောက်ကြရန်ဟု ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း နိုင်ငံ့ဝန်ထမ်းများအား CDM ပြုလုပ်ရန် လက်နက်အားကိုးဖြင့် အဓမ္မခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ဖိအားပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံ့တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာလုပ်ကိုင်၊ နေထိုင်လိုကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အကြမ်းဖက်မှုလုပ်ရပ်များကို အားပေးလှုံ့ဆော်နေသည့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ ထိုသို့ စိုးရိမ်ထိတ်လန့်ဖွယ်ရာ ကောလာဟလသတင်းများ ရေးသားဖြန့်ဝေခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။





သတင်းစဉ်

# မော်လမြိုင်မြို့အခြေစိုက် တိုင်းစစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိသည့်နေရာအား ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်သဖြင့် ရဟတ်ယာဉ်များ ထိခိုက်ပျက်စီးသွားကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ရဟတ်ယာဉ်ထားရှိရာ နေရာကို ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရဟတ်ယာဉ်များ ထိခိုက်ပျက်စီးမှုရှိသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။



အဆိုပါ သတင်းနှင့်ပတ်သက်၍ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်တွင် အကြမ်းဖက်သမားများက ဒရုန်းဖြင့် ရမ်းသန်းတိုက်ခိုက်ထွက်ပြေးသွားကြောင်း၊ လူ၊ အဆောက်အဦနှင့် ဝေးကွာသောနေရာတွင် ကျရောက်ခဲ့ပြီး လူ၊ အဆောက်အဦနှင့် ယာဉ်များ ထိခိုက်မှုမရှိကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက်သမားများက မြို့၊ ရွာများကို အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လာပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေချိန်တွင် မြို့ပြများ၌ အေးချမ်းတည်ငြိမ်နေသည်ကို မလိုလားသည့် တရားမဝင်ပြည်ဖျက်မီဒီယာအချို့မှ မီဒီယာကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းမှုမရှိဘဲ မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၉၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၀၄ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၅ ရက် အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၉၆၂ ဦး၊ အမျိုးသမီး ၁၂၂၀ ဦး စုစုပေါင်း ၁၁၁၈၃ ဦး တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မုန်းမြို့ နယ်မြေခံတပ်ရင်းသို့ လာရောက်တိုက်ခိုက်သည့် KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း

နေပြည်တော် ဒီဇင်ဘာ ၅

**ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းများနှင့် မြို့ဝင်သံတံတားတို့အား KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အင်အား ၁၅၀၀ ခန့်ဖြင့် တိုက်ခိုက်ခဲ့ပြီး မုန်းမြို့အား ဒီဇင်ဘာ ၃ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်လုပ်ကြံ၍ သတင်းအမှားများ ဖြန့်ချိဝါဒဖြန့်လျက်ရှိသည်ကို တွေ့ရှိရသည်။**

ဖြစ်စဉ်အမှန်မှာ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဒီဇင်ဘာ ၃ ရက်နေ့ နံနက်ပိုင်းကစ၍ မုန်းမြို့ရှိ နယ်မြေခံတပ်ရင်း တစ်ရင်းအား သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများက စနစ်တကျ ပြန်လည်ခုခံ တိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲများ ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းအထိ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများပြားသော်လည်း အင်အားထပ်မံဖြည့်တင်း၍ တိုက်ခိုက်လာသည့်အတွက် ညနေပိုင်းတွင် မိသားစုဝင်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး သင့်လျော်သည့်နေရာသို့ နည်းဗျူဟာအရ ခေတ္တဆုတ်ခွာခဲ့ရပြီး အဆိုပါ မိသားစုများကို လုံခြုံစိတ်ချရသည့် နေရာသို့ လေကြောင်းအကူအညီဖြင့် စနစ်တကျ ပြောင်းရွှေ့ပေးခြင်းများ ဆောင်ရွက်ခဲ့ရသည်။

အဆိုပါ အကြမ်းဖက်သမားများ ဝင်ရောက်တိုက်ခိုက်ခဲ့သည့်နေရာသို့ တပ်မတော်စစ်ကူစစ်ကြောင်းများ ဖြည့်တင်း၍ လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများရယူကာ ယနေ့ဒီဇင်ဘာ ၅ ရက်နေ့ နံနက်ပိုင်းတွင် စနစ်တကျ စုဖွဲ့လျက် ပြန်လည်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ အကျအဆုံးများစွာဖြင့် မွန်းလွဲပိုင်းတွင် မြို့၏မြောက်ဘက်နှင့် အရှေ့ဘက်သို့ ဖရိုဖရဲဖြင့် ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သမားများ ခေတ္တဝင်ရောက် နေရာယူထားသည့် နယ်မြေခံတပ်ရင်းအား တပ်မတော် စစ်ကြောင်းများက ပြန်လည်ထိန်းချုပ် သိမ်းပိုက်နိုင်ခဲ့ကာ မုန်းမြို့အတွင်း လုံခြုံရေးလုပ်ငန်းများ ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှ အလောင်း၊ လက်နက်အချို့ သိမ်းပိုက်ရရှိခဲ့ပြီး တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ခေတ္တတိမ်းရှောင်စဉ် ထပ်မံထိတွေ့မှုဖြစ်ခဲ့သည့် အရာရှိ/စစ်သည်အချို့နှင့် မြို့တွင်းနေ ရဲမေအချို့တို့ အကြမ်းဖက်သမားများ၏ ဖမ်းဆီးခြင်းခံရကာ အချို့အရာရှိ/စစ်သည်/ရဲမေများ ပြန်လည်လွတ်မြောက်ရေးအတွက်လည်း တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သမားများသည် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်း အဆိုပါနယ်မြေခံတပ်ရင်းအား တိုက်ခိုက်ချိန်နှင့် တစ်ပြိုင်တည်းတွင် အခြားနယ်မြေခံတပ်ရင်းအား အဝေးမှ နှောင့်ယှက်ပစ်ခတ်၍ လည်းကောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိသံတံတားလုံခြုံရေး စခန်းအား ဝင်ရောက်တိုက်ခိုက်၍ လည်းကောင်း၊ မြို့မရဲစခန်းအား ဝင်ရောက်တိုက်ခိုက်၍ လည်းကောင်း စစ်ကူမလာရောက်နိုင်စေရေး ထိန်းချုပ်နှောင့်ယှက် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ မြို့တွင်းလုံခြုံရေး ဆောင်ရွက်သည့် တပ်မတော်စစ်ကြောင်းနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သမားများသည် ထိခိုက်ဒဏ်ရာရရှိမှု များစွာဖြင့် ပြန်လည် ဆုတ်ခွာသွားခဲ့သည်။ သို့သော် အကြမ်းဖက်အားပေး တရားမဝင် မီဒီယာများအနေဖြင့် ဒီဇင်ဘာ ၃ ရက်နေ့တွင် မုန်းမြို့ရှိ တပ်ရင်းများအား လည်းကောင်း၊ မြို့ဝင်သံတံတားနှင့် မုန်းမြို့တို့အားလည်းကောင်း အင်အား ၁၅၀၀ ခန့်ဖြင့် သိမ်းပိုက်နိုင်ခဲ့ကြောင်း သတင်းအမှားများ လုပ်ကြံထုတ်လွှင့်၍ ပြည်သူလူထု စိုးရိမ်ကြောက်ရွံ့စေရန်နှင့် ဒေသတည်ငြိမ်မှု ပျက်ပြားစေရန် ဖန်တီးခဲ့ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အကြမ်းဖက်အားပေး တရားမဝင်မီဒီယာများ၏ လုပ်ကြံသတင်း အမှားများအပေါ် တိုင်းရင်းသားပြည်သူများ သတိပြုနိုင်ပါရန်နှင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသတည်ငြိမ် အေးချမ်းရေးအတွက် လိုအပ်သည့် ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းအဝင်ဂိတ်ရှေ့၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်ရင်းရုံးရှေ့၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသည့် မုန်းမြို့ရှိ နယ်မြေခံတပ်ရင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အရာရှိရိပ်သာရှေ့၌ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံ။

# PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာရှိ မင်္ဂလာဆောင်ပွဲအား Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံးကာ အသက် ၇ နှစ်အရွယ်ကလေးငယ် နှစ်ဦးအပါအဝင် ဒေသခံပြည်သူ ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၅

**PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အဖွဲ့အား ထောက်ခံအားပေးမှုမရှိသည့် မြို့နယ်များအတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့အရပ်သား ပြည်သူများသွားလာရာ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများသို့ လက်နက်ကြီး၊ Drop Bomp များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နေအိမ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။**

**Drop Bomb များဖြင့်တိုက်ခိုက်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာရှိ ဦးလင်းမောင်၏ နေအိမ်၌ ဒီဇင်ဘာ ၄ ရက်တွင် မင်္ဂလာဆောင်ပွဲ ပြုလုပ်နေစဉ် မွန်းလွဲ ၃ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းကျေးရွာ၏ တောင်ဘက် မီတာ ၃၀၀၀ ခန့် အကွာရှိ ကျောက်မြင့်ကျေးရွာဘက်မှနေ၍ Drone များ အသုံးပြုကာ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဗုံးသီးကျရောက်ပေါက်ကွဲခဲ့ရာ မင်္ဂလာဆောင်သို့ ရောက်နေသည့် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသမီးနှစ်ဦး သေဆုံးပြီး အသက် ၇ နှစ်အရွယ် ကလေးငယ်နှစ်ဦးအပါအဝင် စုစုပေါင်း ၁၃ ဦး ဗုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

**လုံခြုံရေးဆောင်ရွက်**

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သူများအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ၏ လူမဆန်သော လုပ်ရပ်များကို ဒေသခံ ပြည်သူများအနေဖြင့် လွန်စွာ မုန်းတီးရွံ့ရှာလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာရှိ မင်္ဂလာဆောင်နေအိမ်သို့ Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပျော်ရွှင်ဆင်နွှဲ တန်ဆောင်တိုင်ပွဲ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမျိုးသားနေ့ အနှစ်သာရများကို ဖော်ဆောင်ကြစေရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅)ကြိမ်မြောက် ကမ္ဘာ့မီဒီယာ ထိပ်သီးညီလာခံ (ယူနန်၊တရုတ်) နှင့် ဒုတိယအကြိမ်မြောက် ယူနန် - နိုင်ငံတကာဆက်သွယ်ရေးဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**ကူမင်း ဒီဇင်ဘာ ၅**

(၅) ကြိမ်မြောက် ကမ္ဘာ့မီဒီယာ ထိပ်သီးညီလာခံ (ယူနန်၊ တရုတ်) နှင့် ဒုတိယအကြိမ်မြောက် ယူနန်-နိုင်ငံတကာ ဆက်သွယ်ရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ဟိုက်ဂန်း ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာတင်နှင့်အဖွဲ့တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ညီလာခံဖွင့်ပွဲ အခမ်းအနားကျင်းပရာ တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် အထွေထွေအတွင်းရေးမှူး မစ္စတာဝမ်နင်းက မိန့်ခွန်းပြောကြားပြီး တရုတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် မစ္စတာ ဆစ်ဒါ့သ် ချာတာဂျီး၊ ကူမင်းကောင်စီနှင့် စည်ပင်သာယာရေးကော်မတီ အထွေထွေအတွင်းရေးမှူး လီယူဟောင်ဂျန်နှင့် ဆင်ဟွာသတင်းဌာန၊ စပွတ်နစ် နိုင်ငံတကာသတင်းဌာနနှင့် ရေဒီယိုအသံလွှင့်ဌာန၊ ဘူလ်ဂေးရီးယားသတင်းဌာန၊ ပါကစ္စတန်သတင်းဌာန၊ Media Turkmen သတင်းဌာန၊ El Mundo Financiero သတင်းဌာန စသည့် နိုင်ငံတကာ သတင်းဌာနတို့မှ အကြီးအကဲများက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ၂၀၂၂ မှ ၂၀၂၃ ခုနှစ်များအတွင်း ယူနန်အကြောင်း နိုင်ငံတကာမှ ဖော်ပြမှုများအနက် ရေပန်းအစားဆုံး စကားလုံး ၁၀ လုံးကို လည်းကောင်း၊ ယူနန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကို လည်းကောင်း၊ (၅) ကြိမ်မြောက် ကမ္ဘာ့မီဒီယာ ထိပ်သီးညီလာခံအတွက် ကူမင်း၏ ရှေးဦးဆောင်ရွက်ချက်များကိုလည်းကောင်း Video Clip ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ညီလာခံဆိုင်ရာ ထုတ်ပြန်ချက်ကို တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြသ/ကြေညာပြီး ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ညီလာခံကို ကဏ္ဍ (၄)ရပ်ဖြင့် ခွဲခြားကျင်းပရာ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI)အရ မီဒီယာပူးပေါင်းဆောင်ရွက်မှုအတွက် အခွင့်အလမ်းသစ်များ (New Opportunities for Media Cooperation under BRI)၊ မြို့ပြဂုဏ်သတင်း တည်ဆောက်ရေး ယူနန်၏ ဆောင်ရွက်ချက် (City – brand Image Building: the case of Yunnan)၊ ခေတ်သစ်တွင် နိုင်ငံတကာ ယဉ်ကျေးမှုဆက်သွယ်ရေး (International Cultural Communication in New Era) နှင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးတွင် ကော်ပိုရေးရှင်းများ၏ ဂုဏ်သတင်းပုံရိပ်များ (Corporate Images in Global Communication) အကြောင်းအရာများ အလိုက် ဆွေးနွေးကြသည်။

ကမ္ဘာ့မီဒီယာ ညီလာခံ (World Media Summit – WMS) သည် နိုင်ငံတကာ မီဒီယာများ သတင်းနှင့် အတွေ့အကြုံများ ဖလှယ်ရန်နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် အတွက် အကောင်းဆုံး အစီအစဉ် (Platform) တစ်ခုဖြစ်ကြောင်း ရှုမြင်ကြသကဲ့သို့ (WMS) စတင်ဖွဲ့စည်းချိန်မှစ၍ ၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ထူးချွန်ဆုများ (WMS Global Awards for Excellence) ကမ္ဘာတစ်ဝန်းမှ မီဒီယာများ၊ ကျွမ်းကျင်ပညာရှင်များအတွက် သင်တန်းနှင့်အစီအစဉ်သုံးခု၊ ကမ္ဘာလုံးဆိုင်ရာ တိုက်ရိုက်ထုတ်လွှင့်ပြသမှုနှင့်အတူ ကလေးများအတွက် ကမ္ဘာ့သတင်းနေ့၊ ဆင်းရဲနွမ်းပါးမှုကို အနီးကပ် ထင်ဟပ်ပြသသော ကမ္ဘာ့ဓာတ်ပုံပြိုင်ပွဲ၊ အာဖရိကကို အသားပေးသော မီဒီယာလှုံ့ဆော်မှုများကဲ့သို့ နိုင်ငံတကာ အကျိုးပြုစီမံချက် များစွာကိုလည်း အောင်မြင်စွာ စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံး ပြုနိုင်ရန်အတွက် စီမံကိန်းပစ္စည်းများအား စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း တင်ဒါခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | ၁၁/တီ/သယ်ပို့(တင်ဒါ-ဓပစ)/ ၂၀၂၃-၂၀၂၄ | ၂၃၀ကေဗွီ သူငွေးချောင်း-(ဥသျှစ်ပင်-တောင်ကုတ်) ဓာတ်အားလိုင်းအတွက် တာဝါတိုင်နှင့် ကြိုးဆွဲပစ္စည်းများ သယ်ယူရန်။ |
| ခ | ၁၂/တီ/သယ်ပို့(တင်ဒါ-ဓပစ)/ ၂၀၂၃-၂၀၂၄ | ၁၃၂ကေဗွီ နမ့်စန်-တောင်ကြီး ဓာတ်အားလိုင်းသုံးပစ္စည်းများသယ်ယူရန်။ |
| ဂ | ၁၃/တီ/သယ်ပို့(တင်ဒါ-ဓပစ)/ ၂၀၂၃-၂၀၂၄ | ဓာတ်အားလိုင်းသုံး တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ မြောင်းတကာမှ ရွှေတောင်သို့ သယ်ယူရန်။ |
| ဃ | ၁၄/တီ/သယ်ပို့(တင်ဒါ-ဓပစ)/ ၂၀၂၃-၂၀၂၄ | စီမံကိန်းလုပ်ငန်းခွင် အသီးသီးရှိ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ပစ္စည်းများ သယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေး ဌာန၊ ရုံးအမှတ်(၂၇)၊နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၉-၁၂-၂၀၂၃)ရက် (၁၂:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov. mm) တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ရုံးအမှတ်(၂၇) ၊နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

---

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ သမိုင်း၊ မြေကွက်အမှတ် ၈/က-၂၂၊ ဧရိယာ ၀.၀၄၅ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၄၃၊ ရွှေနှင်းဆီလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်လွတ်သက်သက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နီလာ ၇/ပမန(နိုင်) ၀၆၀၄၀၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊
(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉- ၅၁၆၀၆၀၇

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/6635, Toyota Probox NCP-50, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းမင်းပိုင် ၁၂/ဒပန(နိုင်)၀၅၇၅၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/5189,Toyota Succeed NLP 51,S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်လင်းစံ ၁၂/ဒပန(နိုင်) ၀၅၇၅၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

---


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ချြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၀ ကျပ် | ၂၂၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၁၀ ကျပ် | ၂၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၄၀ ကျပ် | ၂၆၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

---

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၄၀၀ | ၂၂ | ၁၈၈၂၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၂၅၅ | ၇၂၆၉၅၀ |
| MCB | ၇၃၀၀ | ၇၁၀၀ | ၂၆ | ၁၈၈၈၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၆၉၅ | ၁၀၈၆၀၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၉၆ | ၂၃၀၄၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၂၀၁ | ၄၀၂၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၄ | ၆၈၃၀၀ |
| MAEPC | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရုံးချုပ်နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများ၌ လျှောက်ထားလို သူများသည် လျှောက်လွှာပုံစံကို www.moe.gov.mm နှင့် www.dhe.gov.mm တို့တွင် Download ရယူ၍လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရုံးချုပ်နှင့် နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများတွင် အခမဲ့ရယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၄၀၀ |
| (ခ) | စာရင်းကိုင်(၄) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၅၀ |
| (ဂ) | ဒု-လက်ထောက် ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၅၀ |
| (ဃ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၃၅၀ |
| (င) | စာကြည့်တိုက်လ/ထ(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၅၀ |
| (စ) | ယာဉ်မောင်း(၅) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ၁၀၀ |
| (ဆ) | ရုံးအကူ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၀၀ |

၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
(ခ) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံ သန်စွမ်းသူဖြစ်ရမည်။
(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၄၀ နှစ်ထက် မကျော်လွန်သူ၊ ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(င) အမှတ်စဉ် ၁။ (က)၊ (ခ)၊ (ဃ)၊ (င)နှင့် (ဆ)တို့သည် ဘွဲ့တစ်ခုခုရရှိသူ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အမှတ်စဉ် ၁။ (ဂ)သည် ဘွဲ့တစ်ခုခုရရှိသူ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ပြီး ကွန်ပျူတာအခြေခံသင်တန်းဆင်း လက်မှတ်ရရှိပြီးသူဖြစ်ရမည်။ အမှတ်စဉ် ၁။ (စ)သည် တက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ(သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ပြီး ယာဉ်မောင်း လိုင်စင် (ခ) ရရှိပြီးသူဖြစ်ရမည်။
(စ) အနည်းဆုံး လုပ်သက်(၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်။ အကြောင်းအမျိုးမျိုး ကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက လျော်ကြေးငွေကျပ် ၅၀၀၀၀၀/- (ငါးသိန်းတိတိ)ကို ပေးလျော်ရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများသည် အထက်ဖော်ပြပါရာထူးများတွင် တာဝန်ထမ်းဆောင်လိုပါက မိမိတာဝန် ထမ်းဆောင်နေသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) လိုင်စင်ဓါတ်ပုံ (၂)ပုံ
(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ ထောက်ခံစာမိတ္တူနှင့် အသက် အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ **(လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါအထောက်အထား (မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)**
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း
(င) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(စ) (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းတို့မှ ထောက်ခံစာမူရင်း

၆။ လျှောက်လွှာများကို (၃၁-၁၂-၂၀၂၃)ရက်နေ့ (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောပို့ဖြင့်ဖြစ်စေ နီးစပ်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများသို့ ပေးပို့ လျှောက်ထားနိုင်သည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်စာရွက်စာတမ်း မပြည့်စုံသည့်လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲဝင်ရောက် ဖြေဆိုရမည်။ ဖြေဆိုရမည့် ခုံအမှတ်နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများတွင် ကြေညာမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ်(ရေးဖြေ) | နေ့ရက်အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၂၀-၁-၂၀၂၄) နံနက် (၉)နာရီမှ (၁၀) နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | (၂၀-၁-၂၀၂၄) နံနက် (၁၀)နာရီမှ (၁၁) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | (၂၀-၁-၂၀၂၄) နံနက် (၁၁)နာရီမှ (၁၂) နာရီထိ |

၈။ ယာဉ်မောင်း(၅)ရာထူး လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုရန် မလိုအပ်ဘဲ လူတွေ့စာမေးပွဲကိုသာဖြေဆိုရမည်။ လိုအပ်ပါက ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းခံယူရမည်။

၉။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ဌာနများတွင် (၂၁-၁-၂၀၂၄) ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

၁၀။ သက်ဆိုင်ရာအသေးစိတ်အချက်အလက်များကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း နံပါတ်- ၀၆၇-၃၄၀၇၇၃၂၊ ၀၆၇-၃၄၀၇၇၂၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ရပ်ကွက်၊ ကွင်းအမှတ် ၃၉(ခ)၊ ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(ခ/၁၇၇)၊ မြေဧရိယာ ၀ဒသမ ၀၂၂ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၂၀/၂၀၀၂-၂၀၀၃ အရ ဒေါ်အုန်းမြင့် အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူ၏အထွေထွေကိုယ်စားလှယ်ရရှိသူ ဦးအေးကိုထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၁၄/၂၀၂၂)ဖြင့် ဦးသူရစိုး၊ ဒေါ်ပွင့်ရီအေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးသူရစိုး ၆/မအရ(နိုင်)၁၀၄၀၉၅၊ ဒေါ်ပွင့်ရီအေး ၆/ ကစန(နိုင်)၀၄၈၀၄၁ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၇-OSS/ရေအေးကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၅၆၅/၂)၊ မြေဧရိယာ ၀ဒသမ ၂၄ ဧကအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၉-၁-၂၀၂၂ရက်စွဲပါ စာအမှတ် ၂၀၂၆/၄၀၀(၁)/၉-၁/ အဖရ(တနင်္သာရီ)အရ ရေခဲစက်ရုံမြေအဖြစ် အသုံးပြုရန် ဦးအင်မောင်ရွှေအား လယ်မြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ပုံစံ-၁၅(က)ခွင့်ပြုခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွား မြေငှားဂရန်(အသစ်)လျှောက်ထားနိုင်ရေး ဦးအင်မောင်ရွှေ ၆/ကစန(နိုင်)၀၄၃၁၄၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့၊ အမှတ်(၇)စက်ကွင်းရပ်ကွက်၊ အကွက်အမှတ် (၄)၊ ဘလုပ်သူဌေးကွင်း၊ ဦးပိုင်အမှတ် (၂၁)၊ သင်္ဂဟလမ်း၊ မြို့မြေ၊ ဧရိယာ (၀.၀၆၈၈)ဧကအကျယ်အဝန်းရှိ ဦးဝင်းနိုင်နှင့် ဒေါ်အေးအေးမွန် အမည်ပေါက် မျက်နှာဝအလျားပေ ၅၀၊ အနံပေ ၆၀ရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထား သော RC အုတ်ညှပ်နှစ်ထပ်တိုက်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဝင်းနိုင် (၇/ဒဥန(နိုင်)၀၀၁၅၃၉)နှင့် ဒေါ်အေးအေးမွန် (၇/ဒဥန(နိုင်)၀၃၂၇၁၁)တို့မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးသန်းဝင်းလှိုင် (၁၂/ရပသ(နိုင်)၀၆၅၂၅၉) နှင့် ဒေါ်ဥမ္မာလွင်မြတ် (၇/ဒဥန (နိုင်)၁၃၂၀၁၁)တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခက်ဝေဖြိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၃၆၆)**
**အမှတ် (၁) ရပ်ကွက်၊ ဘိုင်းဒါးစံပြကျေးရွာ၊ ညောင်လေးပင်မြို့နယ်**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ရာဇာလင်း ၇/ ဒဥန(နိုင်)၂၂၁၈၂၈ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၇၈၆၄၂၉၂၅၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝေါမြို့နယ်၊ အလက ဇီးဖြူကုန်းကျောင်းမှ ဆရာမ ဒေါ်သိန်းမြင့် ၇/ဝမန(နိုင်) ၀၉၆၁၃၂ ၏ ဖခင်အမည် ဦးတင်ရှား (ခ)ဦးထင်ရှားမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ရှား(ခ)ဦးထင်ရှား**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝေါမြို့နယ်၊ အလက အဗျား ဗိုလ်တဲကျောင်းမှ ဒုအလယ်တန်းပြ ဆရာမ ဒေါ်ရီရီချို ၇/ဝမန(နိုင်) ၀၈၆၈၀၄ ၏ ဖခင်အမည် ဦးကျင်သိန်း(ခ)ဦးကြင်သိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အင်းလယ်ကျေးရွာအုပ်စု၊ ဘိုကုန်းကျေးရွာနေ (ဘ)ဦးတင်မောင်ဝင်း၏ သား ကျွန်တော် မောင်သက်ခိုင်ဇော် ၈/ အလန(နိုင်)၁၈၉၂၉၄ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MD-990655)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၄၈၀၆၉၂၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/5199, SKAT ယာဉ်လက်ဝယ်ရှိသူ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 79W/34820, WUYANG Honda -125 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နန်းရမ် ၁/ မခဘ(နိုင်)၀၀၆၅၉၈ ၏ ပတ်စ်ပို့နံပါတ် (977863)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၇၈၉၁၃၈**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကံလှအုပ်စု၊ တံခွန်တိုင်ကျေးရွာနေ ဦးအောင်သန်း၏သမီး အမက ဂါတ်ကုန်းကျောင်းမှ ဆရာမ မသင်းသင်းစိုး ၉/တကန(နိုင်) ၁၆၈၆၁၇၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၇-၁၉၉၃ ဖြစ်ပါကြောင်း။

**ဖုန်း-၀၉-၄၅၃၁၇၃၃၇၁**

## အမည်ပြောင်း

ဦးထိုက်ထိုက်၏ သမီး ရမည်းသင်းမြို့၊ ရွာတန်း အထက Grade-4 မှ မနှင်းစက်သခင်အား မနိုဘယ်လ်ထိုက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနိုဘယ်လ်ထိုက်**

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်နေ ဦးထွန်းစိန် ၏ သမီး ဒေါ်အေးအေးစန်း ၉/ တကန(နိုင်)၀၀၂၈၈၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၇-၁၉၆၄ ဖြစ်ပါကြောင်း။

---

## ဦးခင်မောင်လွင် ၈/ရနခ(နိုင်)၀၀၁၅၂၄ သိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၅၄၄)နေ ကျွန်ုပ်၏ မိတ်ဆွေ ဦးထွဋ်မျိုးဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြား တောင်းဆိုကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးထွဋ်မျိုးဇော်နှင့် လူကြီးမင်း ဦးခင်မောင်လွင်တို့သည် နှစ်ဦးနှစ်ဖက်သဘောတူညီမှုဖြင့် (၂၂-၇-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူလုပ်ငန်းအပ်နှံခြင်း ကတိစာချုပ်ချုပ်ဆိုလျက်လုပ်ငန်းအပ်နှံ လက်ခံဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့နောက်လူကြီးမင်းက ကျွန်ုပ်၏မိတ်ဆွေထံသို့ ပေးအပ်ရမည့်လုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သော ပစ္စည်းများအတွက် တာဝန်ယူကာ ပေးဆပ်မည်ဖြစ်ကြောင်း ကတိများ အကြိမ်ကြိမ်ပေးခဲ့ပါကြောင်းနှင့် အဆိုပါပစ္စည်းများအပေါ် တန်ဖိုးငွေ ၆၆၇၇၂၅၆/ကျပ်(ကျပ်ခြောက်ဆယ့်ခြောက်သိန်း ခုနစ်သောင်းခုနစ်ထောင့်နှစ်ရာငါးဆယ့်ခြောက်ကျပ်)တိတိ သတ်မှတ်၍ ၁၅-၁၁-၂၀၂၃ရက်တွင် ငွေကျပ်သိန်း(၃၀)ကိုလည်းကောင်း၊ (၁၀-၁၂-၂၀၂)၃ရက်တွင် ငွေကျပ် ၃၆၇၇၂၅၆ ကို လည်းကောင်း ပေးဆပ်မည်ဖြစ်ကြောင်း။ (၁၈-၁၀-၂၀၂၃)ရက်တွင် လူကြီးမင်းကိုယ်တိုင် ကျွန်ုပ်၏မိတ်ဆွေအား ကတိပြု ပြောကြားစာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပေးခဲ့ကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေမှ လူကြီးမင်း၏ ကတိစကားများကို ယုံကြည်စွာဖြင့် စောင့်ဆိုင်းခဲ့သော်လည်း ၁၅-၁၁-၂၀၂၃ရက်တွင် ပေးဆပ်မည်ဆိုသော ငွေကျပ်သိန်း ၃၀ ကိုလည်းပေးဆပ်ခဲ့ခြင်းမရှိကြောင်း။ လူကြီးမင်းထံသို့လည်း မည်သို့မျှ ဆက်သွယ်၍မရကြောင်း၊ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေထံ လူကြီးမင်း ကတိပြုခဲ့သည့်အတိုင်း ၁၅-၁၁-၂၀၂၃ရက်တွင် ပေးဆပ်ရမည့်ငွေကျပ်သိန်း (၃၀)၊ (၁၀-၁၂-၂၀၂၃)ရက်တွင် ပေးဆပ်ရမည်ဆိုသော ငွေကျပ် ၃၆၇၇၂၅၆/ကျပ်၊ စုစုပေါင်းငွေ- ၆၆၇၇၂၅၆ /ကျပ်(ကျပ်ခြောက် ဆယ့်ခြောက်သိန်း ခုနစ်သောင်းခုနစ် ထောင့်နှစ်ရာ ငါးဆယ့်ခြောက်ကျပ်)တိတိကို ၁၀-၁၂-၂၀၂၃ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်၏မိတ်ဆွေထံသို့ လာရောက်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးထွဋ်မျိုးဇော် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ရဲမြင့် LL.B,D.B.L,D.I.L,D.I.D.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၅၃)**
**အမှတ်(၈)၊ ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ မြို့နယ်တရားရုံးအနီး မ.ဝ.တလမ်းဆုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ)၊ သံဒင်းကျောင်းမှ ဆရာမဒေါ်မို့မို့သွင်(ခ) ဒေါ်ခင်မို့မို့သွင် ၇/ကဝန(နိုင်) ၁၂၉၉၃၁ မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မို့မို့သွင်(ခ)**
**ဒေါ်ခင်မို့မို့သွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ)၊ သံဒင်းကျောင်းမှ ကျောင်းစောင့် ဦးဖြိုးဝေလင်း(ခ)ဦးဇော်ဇော်ထက် ၇/ ကဝန(နိုင်) ၁၃၀၀၆၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖြိုးဝေလင်း(ခ)**
**ဦးဇော်ဇော်ထက်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ ဇေယျာ (၁၀)လမ်း၊ မြေကွက်အမှတ် (၄၁၁)၊ မြေပေအကျယ်ပေ (၄၀x၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ် RC အဆောက်အအုံမှ (မြေရင်းခြမ်း)ရှိ တတိယထပ် (၄-လွှာ)၊ အကျယ်အဝန်း (၁၉x၅၄)ပေ၊ အမြင့် (၉)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဆန်းမမအောင် (၁၂/လကန(နိုင်)၂၀၂၇၂၈)က အထက်ပါတိုက်ခန်းကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ တိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L, D.M.L, D.I.L(W.I.P.O- Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၃၉)**
**အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြော်ငြာခြင်း

ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့နယ်၊ မကောကျေးရွာအုပ်စု၊ လမုန်ကျေးရွာ၊ ကွင်း/အကွက်နှင့်အမည် (OSS/လမုန်)၊ ဦးပိုင်အမှတ် (၁၀၅)၊ မြေဧရိယာ(၀ဒသမ၄၅)ဧကရှိ မြေကွက်၌ ဒေါ်မီးမီး (ခ)နွယ်နွယ်ဝင်း ၁/ဝမန(နိုင်) ၀၅၆၆၇၀မှ ရွှေတံခွန်အမည်ဖြင့် စက်သုံးဆီ အရောင်းဆိုင်နှင့် သိုလှောင်ကန်များ ဆောက်လုပ်ရန်အတွက် စက်မှုစီးပွား မြေငှားဂရန်အသစ်လျှောက်ထားမှုနှင့်ပတ်သက်၍ အဆိုပါမြေကွက်သည် လွန်ခဲ့သော (၂၀၁၂)ခုနှစ်ခန့်ကတည်းက တောရိုင်းမြေအား ခုတ်ထွင်ရှင်းလင်း၍ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ခြံခတ်ရယူခဲ့သည်မှာ ယနေ့အထိဖြစ်ပါကြောင်း၊ အဆိုပါမြေကွက်အား ယနေ့ အချိန်အထိ တဆက်တစပ်တည်းလက်ဝယ်ထားရှိခဲ့ရာ(၁၁)နှစ်ကျော် ရှိပြီဖြစ်သည့်တိုင် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှအငြင်းပွားခြင်း၊ အရှုပ်အရှင်းဖြစ်ခြင်းများမရှိပါ။ မိမိတစ်ဦးတည်းသာ လက်ဝယ်ထားရှိဆဲဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကို မျှပေးကမ်းထားခြင်း၊ ရောင်းချထားခြင်း၊ လှူဒါန်းစွန့်လွှတ်ခြင်းမျိုးလုံးဝမရှိပါကြောင်း၊ ကျမ်းကျိန်ဆိုရာ၌ မည်သူတစ်ဦးတစ်ယောက်မျှခြိမ်းခြောက်စေခိုင်းခြင်း၊ အနိုင်အထက်ပြုကျင့်ခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်းစသည့် ပယောဂတစ်စုံတစ်ရာမပါရှိဘဲ မိမိ၏သဘောဆန္ဒအလျောက်သာဖြစ်ပါကြောင်း၊ အသိသက်သေများရှေ့မှောက်တွင် ကျမ်းကျိန်ဆို လက်မှတ်ရေးထိုးခြင်းနှင့် မြို့နယ်တရားရုံး၏ (၁၇-၁၁-၂၀၂၃) ရက် ကတိသစ္စာပြု လွှာမှတ်ပုံတင်အမှတ်စဉ်(၄၃/၂၀၂၃)ကျမ်းကျိန်လွှာအား (မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး)၌ စာချုပ်စာတမ်းမှတ်ပုံတင်ဆောင်ရွက်ပြီးစီးကြောင်းနှင့် မြန်မာ့စီးပွားရေးဘဏ်သို့ ငွေသွင်းချလန်အမှတ်(Chalan No.(7)ဖြင့် (၂၁-၁၁-၂၀၂၃)ရက် ငွေပေးသွင်းဆောင်ရွက်ပြီးစီးကြောင်း အဆိုပါလျှောက်ထားမြေအမျိုးအစားမှာ ရွာမြေဖြစ်ခြင်းကြောင့်နှင့် ဒေါ်မီးမီး(ခ)နွယ်နွယ်ဝင်း အမည်ဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး)သို့ စာချုပ်စာတမ်းမှတ်ပုံတင် ဆောင်ရွက်ပြီးခြင်းအဖြစ်ပြုဆိုတင်ပြလျက် စက်မှုစီးပွားမြေငှားဂရန်အသစ်လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စက်မှုစီးပွားမြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တနိုင်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၁၇၁, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်မူးခိုဖော ၆/ထဝန(နိုင်) ၀၉၇၆၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့

## ဒွါရဒသမအကြိမ်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်လီမိတက်ပိုင်ဆိုင်သော အောက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံများအား မျက်မြင်မြေပြင်ရှိ အနေအထားအတိုင်း ချိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်–

(က) ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်ပိုင် လပွတ္တာမြို့၊ လမ်းမ တော်လမ်းနှင့် ကမ်းနားလမ်းထောင့်(အလျား ၃၇' x အနံ ၄၆'xအမြင့် ၅၅')အုတ်ခင်းအုတ်ကာသွပ်မိုး (၄ထပ် ၅လွှာ) အဆောက်အအုံ

(ခ) ပုသိမ်မြို့၊ ကမ်းနားလမ်း၊ အမှတ်(၂)နယ်မြေ၊ ထုံးဘိုရပ်၊ ကွင်းအမှတ်(၆၀)၊ ထုံးဘို၊ ဦးပိုင်အမှတ်(၅၂၊ ၅၃)၊ ဧရိယာ(၀ဒသမ၁၇)ဧက မြေပေါ်တွင် တည်ဆောက် ထားသည့် (အလျား ၃၀' x အနံ ၂၀' x အမြင့် ၂၅') (၂ထပ်တိုက်) နှင့် မြေကွက်အပါအဝင် ခြံဝင်းအတွင်းတည်ဆောက်ထားသည့် အဆောက်အအုံများ

(ဂ) ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပဒင်းတန်းလမ်း(အလျား ၉၀' x အနံ ၄၀' x အမြင့် ၁၈') အုတ်ခင်းအုတ်ကာသွပ်မိုး (၁ ၁/၂) ထပ်အဆောက်အအုံ

၂။ လေလံလျှောက်လွှာရောင်းချ – ၆–၁၂–၂၀၂၃ရက်မှ ၁၁–၁၂–၂၀၂၃ရက် မည့်ရက်

လေလံလျှောက်လွှာပိတ်သိမ်း – ၁၁–၁၂–၂၀၂၃ရက် ညနေ ၄နာရီ မည့်ရက်

လေလံလျှောက်လွှာရောင်းချ – ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမ မည့်နေရာ အသင်းစုချုပ်၊ ရွှေစေတီလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ပုသိမ်မြို့

၃။အာမခံစပေါ်ငွေသိန်း(၅၀၀)ပေးသွင်းပြီးပေးသွင်းထားသည့်အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံထုခွဲရောင်းချရေးအဖွဲ့၊ အသင်းအမှုဆောင်အဖွဲ့ထံ သီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထား မိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် (၁၁–၁၂–၂၀၂၃ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်ရုံးတွင် နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ လေလံလျှောက်လွှာပိတ်သိမ်းပြီး နောက်နေ့ (၁၂–၁၂–၂၀၂၃)ရက် နံနက် ၁၀နာရီတွင်လေလံ ဖွင့်လှစ်ရောင်းချခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

(ဖုန်း–၀၉–၅၂၀၁၄၁၉၊ ၀၉–၈၅၅၀၅၈၇၊ ၀၉–၅၂၀၂၁၇၉၊ ၀၉–၄၂၂၄၇၇၆၀၄–၀၉–၄၂၂၅၄၅၈၇၄)

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## လူပျောက်ကြော်ငြာ

ဒဂုံအရှေ့ပိုင်း၊(၉)ရပ်ကွက်နေ ဦးအေးကြိုင်–ဒေါ်မြင့်မြင့်စိန်တို့၏သမီး၊ မသီရိဆွေ ၁၁/စတန(နိုင်)၁၅၂၆၁၃ အသက်(၁၈) နှစ် ၊ ပထမနှစ်(ရူပဗေဒ)ဒဂုံတက္ကသိုလ်သည် ၃၀–၁၁–၂၀၂၃ရက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်ခံထားသူများ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးကြိုင်–ဒေါ်မြင့်မြင့်စိန်**

**ဖုန်း–၀၉– ၂၅၄၇၂၁၈၆၀၊ ၀၉– ၄၅၅၀၀၄၈၅၇**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (၂)၊ အုတ်ကျွတ်တန်းတောင်အကွက်၊ ဦးပိုင်အမှတ်–၃၃/င၊ ဧရိယာ ၀.၀၁၄ဧကရှိခြံမြေကွက် (ဘိုးဘပိုင်အမည်ပြောင်း)ပေးပါရန် ဦးဉာဏ်ဝင်းမှ လျှောက်ထားလာသည့်အတွက် ၎င်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးထားသူထံ ကန့်ကွက်နိုင် ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

**တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/19585, Honda Wave ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းလှဆီနွန်း ၁၃/တခလ(နိုင်) ၀၄၁၆၉၂ မှ (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်အောက်ဖောပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/43692, Honda Wave–110, ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းလောင်မွန်း ၁၃/မဆန(နိုင်) ၀၆၀၈၃၂မှ (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ၂၀၂၃ခုနှစ် ပညာရည်ချွန်ဆုများ ချီးမြှင့်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ် MRCP, Ph.D ဘွဲ့ရရှိသူ အသင်းဝင်သားသမီးများ၊ ၂၀၂၃ခုနှစ် တက္ကသိုလ်ဝင်တန်း (ကိုယ်ပိုင်အထက်တန်းကျောင်း/International School အပါအဝင်) ကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်သားသမီးများ၊ ၂၀၂၃ခုနှစ် ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာကို (၂၀–၁၂–၂၀၂၃)ရက် နောက်ဆုံး ထား၍ စာရင်းပေးသွင်းကြပါရန်။

**အမှုဆောင်အဖွဲ့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တောင်တွင်းကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၇

ဦးထွန်းထွန်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်မြမြဝင်း) **နှင့်** ၁။ ကိုလတ်ကိုကိုဇင် ၂။ ကိုလွင်ကိုကိုဇင်

**တရားလို** **တရားပြိုင်များ**

